ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (11-3-2004) (၄၁၇၂)

ယနေ့ထုတ်စောင်ရေ ၁၉၆၅၁၇

သိပ္ပဋ္ဌ
တော မင်္ဂလ မုတ္တမံ။

လက်မှု စက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

မန္တလေးတိုင်း၊ မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတ် ၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းရှိန်နှင့် ဆရာဝန်များ၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မေးမြန်းလျှောက်ထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး သံဃာဆောင်၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဘုရားကြီးတိုက် နယားကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ မေဓိယာဘိဝံသအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျန်းမာရေး အခြေအနေများ မေးမြန်းလျှောက်ထားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ ညောင်ကုန်းရပ် မစိုးရိမ်ကျောင်းတိုက်(တိုက်ဟောင်း)သို့ ရောက်ရှိပြီး မစိုးရိမ်ကျောင်းတိုက်(တိုက်ဟောင်း) ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကန်တော့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့



တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တော်လှန်ရေးပန်းခြံသို့ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၁၀

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆နာရီမှ ၁၀နာရီအထိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် (တပ်ပါ)ချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက (တပ်ပါ) စစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက် စစ်ရေးပြလေ့ကျင့်ကြသည်။

အဆိုပါ စစ်ရေးပြလေ့ကျင့်ရာသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၁-၃-၂၀၀၄
(ကြာသပတေးနေ့)

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် လိုအပ်သောအခြေခံအဆောက်အအုံများစွာကိုတည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်အပိုင်းက ဒေသအလိုက် လိုအပ်ချက်များကို ကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာ၊မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းသွားကြရန်လိုအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၉ ရက်နေ့က ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့သွားရောက်သည့် ခရီးစဉ်အတွင်း တောင်ကုတ်မြို့နယ် ဖွံ့ဖြိုးရေးတည်ဆောက်မှုလုပ်ငန်းများကို ပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် တောင်ကုတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများအနက် အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲတစ်ကျောင်းတို့ကို အဆင့်တိုးမြှင့်ပေးပြီး အမ်းမြို့နယ်ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် **မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် ပြည်သူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက တောင်ကုတ်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်းတံတားများစွာကို တည်ဆောက် ပေးလျက်ရှိရာ ရန်ကုန်-စစ်တွေလမ်းမကြီးသည် အထင်အရှားဖြစ်သည်။ ပြည်နယ်အတွင်းကတ္တရာလမ်း ၅၃၇မိုင် အပါအဝင်ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေသားလမ်းစုစုပေါင်း လမ်းမိုင်အရှည်၈၉၄မိုင် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

လမ်းသစ်များ ဖောက်လုပ်ခြင်းနှင့်အတူ တံတားများစွာကို တည်ဆောက်ပေးလျက်ရှိရာ ပေနှစ်ထောင်ကျော်ရှည်လျားသည့် ကစ္စပနဒီတံတား၊ မင်းချောင်းတံတားကြီးများ အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၂၇စင်းကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်လျက်ရှိရာစစ်တွေမြို့မှ ရန်ကုန်မြို့သို့စစ်တွေ-မြောက်ဦး-အမ်း-မင်းဘူး-မကွေးလမ်းမကြီးဖြင့် လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်-ပန်းတောင်း-ပြည် လမ်းမကြီးဖြင့်လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်-သံတွဲ-ဂွ-ငသိုင်းချောင်း လမ်းမကြီးတို့ ဖြင့်လည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ပြည်နယ်အတွင်း တိုင်းရင်းသားများ၏ ပညာရေးအခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အခြေခံပညာ ကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အဆင့်မြင့်ပညာရပ်များ အလွယ်တကူသင်ကြားနိုင်ရေးအတွက် စစ်တွေမြို့တွင် စစ်တွေတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် ပြည်နယ်အတွင်း ခုတင် ၂၀၀ ဆံ့နှင့် ခုတင် ၁၀၀ ဆံ့ အထူးကုဆေးရုံကြီးများကို ဖွင့်လှစ်ပေးခဲ့ပြီး ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေး အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ၌ နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုမှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏာပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း ရွှေကျင်မြို့ မဟာပညာ့ဗိမာန် ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ လက္ခဏအား ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို မတ်၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရွှေတိဂုံဘုရားလမ်း၊ စေတီတော် တောင်ဘက်မုခ် ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရွှေကျင်မြို့နယ်ဓမ္မာရုံ ဖုန်း-၂၄၁၈၃၀၊ ဒေါ်ဖွားရွှေ ဖုန်း-၂၉၈၆၂၂၊ ဦးမြင့်ဆွေ ဖုန်း-၂၉၀၈၃၈နှင့် ဦးငွေစိုး ဖုန်း-၂၀၁၁၂၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည့် တောင်တွင်းကြီးမြို့ ရတနာပင်စည်ဘုရားကြီးတပ်ဦးကျောင်း (ပင်စည်မိုးကောင်းရိပ်သာ) ဆရာတော်ဘဒ္ဒန္တ ကောသလ္လအား တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)က ထပ်ဆင့်ချီးကျူးပူဇော်ပွဲ ဂုဏာပူဇာသဘင်ကို မတ် ၆ရက်က ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ စာရင်းစစ်ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင် (ငြိမ်း)နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီနာယက)နှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ဒေါ်တင်တင်ဆေ(ဒုတိယဥက္ကဋ္ဌ၊ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီ အမျိုးသမီးအဖွဲ့)တို့အား ရွှေမင်းဝံသာသနာ့ရိပ်သာက ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီးကျောင်းတိုက် ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ကျင်းပရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒက နှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ၊ အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရွှေမင်းဝံ သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်အပ်နှင်း ခြင်းခံရသည့် ဒေါ်နီ **(အောက်ပုံ)**နှင့် သီရိသုဓမ္မ သိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဒေါ်တင်တင်ဝေတို့အား ရွှေမင်းဝံသာသနာ့ရိပ်သာ အဂ္ဂမဟာ ရွှေမင်းဝံသာသနာ့ပါလိနိမာတာ ဂုဏ်ပြုလွှာကိုပေးအပ်ပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၏ဇနီး ဒေါ်မြင့်မြင့်ရီက ရွှေမင်းဝံသာသနာ့ရိပ်သာကချီးမြှင့်သည့် ရွှေတံဆိပ်များကို ချီးမြှင့်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဇနီး၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာ ရွှေမင်းဝံသာသနာ့ရိပ်သာ ပါလိနိမာတာ ဒေါ်တင်တင်ဝေက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဦးမောင်မောင်လှက လက်ခံ၍ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြသည်။
(သတင်းစဉ်)

အထက(၁)မအူပင် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၀

အထက(၁)မအူပင် သက်ကြီး အာစရိယပူဇော်ပွဲကို ဧပြီ၄ရက် နံနက် ၁၀နာရီတွင် အထက(၁) ရာပြည့်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးနေ အသက်(၆၀)နှင့်အထက် ဆရာ၊ ဆရာမကြီးများ ရန်ကုန် ဦးမြစိုး-ဖုန်း-၅၂၇၁၈၂၊ ဦးရန်ဝင်း ဖုန်း-၂၄၁၉၀၅၊ ဦးတိုက်စီ ဖုန်း-၂၉၇၈၁၄၊ ဦးထွန်းကြွယ် ဖုန်း-၂၅၆၄၆၁၊ မအူပင် ဦးသိန်းမောင် (အားသစ်သ/မ)၊ ဦးလှမြင့်တင်(ကျောင်းအုပ်ကြီး၊ အထက-၁)၊ ဦးအောင်ထွေး(အတွင်းရေးမှူး-ရွှေဘုန်း မြင့်ဂေါပက)၊ ဦးကြင်ဝင်း (ငွေပဒေသာထီဆိုင်) ဖုန်း-၀၄၅-၂၁၃၈၇တို့နှင့် မတ် ၃၁ရက်နောက်ဆုံးထား၍ ဆက်သွယ်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ တက်ရောက်ဂါရဝပြုပါရန် နှိုးဆော်ဖိတ်ကြားထားသည်။ (က-ပ)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၀

ရွှေနိုင်ငံဂျာနယ် အတွဲ(၂) အမှတ်(၂၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိသည်။

အဆိုပါ ဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည့် သတင်း၊ မောင်ဆုရှင်၏ ကဝိတို့၏ လက္ခဏာ၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်(၈)၊ ချစ်နိုင်(စိတ်ပညာ)၏ နိုင်ငံ့အကျိုးများကိုသာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသ ဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာ ဖော်ပြပါရှိသည်။
(သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းခန်းမတွင် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၇ရက်က ကျင်းပရာ စတုတ္ထတန်း ကျောင်းသူ မဆုပြည့်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီ သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (၃၂)

အီရတ်တွင် ဗုံးပေါက်ကွဲမှုများကြောင့် ပျက်စီးဆုံးရှုံးလျက်ရှိနေဆဲ

အီရတ် မြင်ကွင်း

ဆေးဝါးကုသ

မတ် ၈ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ဆေးရုံ၌ ဆေးဝါး ကုသပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကြည့်ရှုစစ်ဆေး

မတ် ၁၀ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ကြည့်ရှုစစ်ဆေးနေသည့် အီရတ်အမျိုးသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်

မတ် ၉ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၉ ရက်က မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်စစ်ယာဉ်တန်းကို ပစ်မှတ်ထားသည့် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထရပ်ကားတစ်စီး ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၈ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ခုခံတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီးနောက် ရဲစခန်းတစ်ခုအနီးတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ်၉ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် သင်္ကာမကင်းသူ အီရတ်နှစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ မိုဆူးလ်မြို့ ဒေသန္တရအုပ်ချုပ်ရေးရုံးကို လက်ပစ်ဗုံးပစ်သွင်း ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်အရပ်သား လေးဦးဒဏ်ရာရရှိ

မိုဆူးလ်(အီရတ်) မတ် ၉

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဒေသန္တရအုပ်ချုပ်ရေးကောင်စီရုံးစိုက်ရာ အဆောက်အအုံတစ်ခုအတွင်းသို့ လက်ပစ်ဗုံးတစ်လုံး အင်္ဂါနေ့က ပစ်သွင်းခဲ့သည့်အတွက် အီရတ်ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရည်ရွယ်

ယင်းတိုက်ခိုက်မှုသည် အဆောက်အအုံအတွင်း၌ စောစောပိုင်းကရှိနေသော်လည်း လက်ပစ်ဗုံး မပစ်သွင်းမီကလေးတွင် အဆောက်အအုံတွင်းမှ ထွက်ခွာသွားသည့် အမေရိကန်တပ်ဖွဲ့ဝင် သုံးလေးဦးကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဒဏ်ရာရသူများမှာ အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် အီရတ်အရပ်သား လေးဦးတို့ဖြစ်သည်။ တိုက်ခိုက်သူများကို ဖမ်းဆီးမိခြင်း မရှိပေ။

တိုက်ခိုက်

တနင်္လာနေ့ကလည်း တိုက်ခိုက်သူများသည် ဒေသန္တရအုပ်ချုပ်ရေးကောင်စီဝင်နှစ်ဦး လိုက်ပါလာသည့်ကားကို ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်ခုခံ တိုက်ခိုက်ရေးသမားများသည် တနင်္လာနေ့ညကလည်း ရဲတပ်ဖွဲ့ စစ်ဆေးရေး စခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းသို့ ဖြစ်ပွားရာ၌ တိုက်ခိုက်ရေးသမားသုံးဦးကို ပစ်သတ်ခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့မှ ဒုတိယ ဗိုလ်မှူးကြီး ခါလစ်အဗ္ဗဒယ်ကာရမ်က ပြောကြားသည်။

သေဆုံးခဲ့

အင်္ဂါနေ့ကလည်း လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ္စည်းများတင်ဆောင်လာသည့် ထရပ်ကားမောင်းသူ အီရတ်တစ်ဦး သေဆုံးခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ ဒဏ်ရာ မရရှိပေ။ *(အင်တာနက်)*

မတ် ၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တင့်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ ဘဏ္ဍာရေးအခြေအနေ ဆိုးရွားနေ အကြွေးပင်လယ်ဝေလျက်ရှိ

ဝါရှင်တန် မတ် ၉

အမေရိကန်သည် အလွန်ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်သည်မှာမှန်သော်လည်း မျက်မှောက်ကာလတွင် အကြွေးပင်လယ်ဝေနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေကြောင်း အမေရိကန်ဘဏ္ဍာရေးဌာန၏ ထုတ်ပြန်သောစာရင်းအင်းများအရ သိရသည်။

မြင့်တက်

အမေရိကန်တွင် အဆောက်အအုံဈေးနှင့် စတော့ဈေးများ မြင့်တက်နေမှုကြောင့်အမေရိကန်တို့က ပိုင်ဆိုင်သော အသားတင်ရရန်ပိုင်ခွင့်မှာ ၂၀၀၃ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄၁ ထရီလျံရှိသည်ဟုဆိုသည်။ တစ်ထရီလျံသည် တစ်ဂဏန်းနောက်၌ သုည (၁၂)လုံးပါသော ကိန်းဖြစ်သည်။

တိုးပွား

အမေရိကန်နိုင်ငံ၏ ကြွေးမြီမှာလည်း တစ်ချိန်တည်းမှာပင် တိုးပွားလျက်ရှိသည်။ ၂၀၀၃ ခုနှစ် ကြွေးမြီစာရင်းတွင် ယခင်နှစ်ကထက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၇ ထရီလျံ တိုးလာပြီး စုစုပေါင်းပမာဏမှာ အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၄ ထရီလျံ အထိရှိသည်။ ထိုကြွေးမြီပမာဏအနက် သုံးပုံတစ်ပုံမှာ ပြည်ပမြီရှင်များထံမှ ရယူထားခြင်းဖြစ်သည်။ ပြည်ပမှ ရယူထားသော ကြွေးငွေပမာဏသည် အမေရိကန်နိုင်ငံ စုစုပေါင်း အမျိုးသားထုတ်ကုန်၏ ၅ ရာခိုင်နှုန်း ပမာဏအထိများပြားကြောင်း သိရသည်။

အမ်အင်အေ၊ပီတီအိုင်။

တရုတ်အမျိုးသမီး အာကာသယာဉ်မှူး လေ့ကျင့်ရေးသင်တန်းပေးမည်

ပေကျင်း မတ် ၉

တရုတ်ပြည် ထိပ်တန်းအမျိုးသမီးအဖွဲ့၏အစီအစဉ်ဖြင့် အမျိုးသမီး အာကာသယာဉ်မှူးများကို သင်တန်းပေးလေ့ကျင့်ပေးရန် စီစဉ်လျက်ရှိကြောင်း တနင်္ဂနွေနေ့တွင် တရုတ်ပြည်လုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်က ပြောကြားသည်။

အဆိုပါ သင်တန်းပို့ချရေး အစီအစဉ်ကို ဗဟိုအာဏာပိုင်အဖွဲ့အစည်းက အတည်မပြုရသေးသော်လည်း စုဆောင်းရွေးချယ်ရေးနှင့် သင်တန်းပေးရေးအစီအစဉ်ကို စတင်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း တရုတ်အာကာသယာဉ်မှူး လေ့ကျင့်ရေးဌာန အကြီးအကဲက ပြောကြားသည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုမှ ဗာလင်တီနာတာရက်ရှကိုဗာသည် ၁၉၆၃ ခုနှစ် ဇွန် ၁၆ ရက်က အာကာသထဲသို့ ပစ်လွှတ်သော အာကာသယာဉ်တွင် လိုက်ပါခဲ့သဖြင့် ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူးဖြစ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များအား ရိက္ခာထောက်ပံ့ရန် ငွေကြေးအခက်အခဲဖြစ်

နယူးယောက် မတ် ၈

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့အတွက် စားသောက်ရေးလုပ်ငန်းတွင် ၁၀ ရာခိုင်နှုန်းထောက်ပံ့ပေးနေသော အမေရိကန်ပြည်ထောင်စုမှ စားနပ်ရိက္ခာလက်ခွဲကန်ထရိုက်ကုမ္ပဏီကို ဟာလီဘာတန်ကုမ္ပဏီထံမှ လပေါင်းများစွာအတွက် စားနပ်ရိက္ခာထောက်ပံ့မှု စရိတ်စကများ မပေးကြောင်း၊ ယင်းကြောင့် အီရတ်တွင် စခန်းချနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် စားနပ်ရိက္ခာထောက်ပံ့မှု ရပ်ဆိုင်းရန်အခြေသို့ ဆိုက်ရောက်နေကြောင်းဖြင့် အဲဗင့်ဆို့စ်အမည်ရှိ အဆိုပါကုမ္ပဏီက ပြောကြားသည်။ အဆိုပါကုမ္ပဏီသည် ဟာလီဘာတန်ကုမ္ပဏီထံမှ အမေရိကန်ဒေါ်လာ ၈၇ သန်း ကြွေးရရှိရန်ရှိကြောင်း ပြောကြားသည်။ ဟာလီဘာတန်သည် အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင်များအတွက် ဒေါ်လာဘီလျံချီသော စားသောက်ရေးနှင့် နေထိုင်ရေးဆိုင်ရာ လုပ်ငန်းကန်ထရိုက်များ ရရှိထားသည်။

တာဝန်ယူ

အဲဗင့်ဆို့စ်ကုမ္ပဏီက နိုဝင်ဘာလ နှောင်းပိုင်းကတည်းက ငွေကြေးမရရှိခဲ့ကြောင်း အင်ဘီစီသတင်းဌာနက ဖော်ပြသည်။ ၎င်းကုမ္ပဏီသည် ဟာလီဘာတန်ကုမ္ပဏီက ချပေးသည့်လုပ်ငန်းအရ အီရတ်ရှိ တပ်ဖွဲ့ဝင် ၁၀၀၀၀၀ တို့အတွက် နေ့စဉ်ကျွေးမွေးရန်အတွက် တာဝန်ယူထားရသည်။

မိမိ၏ အမေရိကန်ပြည်ထောင်စုမှ ဝန်ထမ်းများအား အလုပ်ဖြုတ်ခဲ့ရကြောင်း၊ မိမိကုမ္ပဏီတွင် ငွေပြတ်လပ်နေပြီဖြစ်ကြောင်း စသဖြင့် ယင်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မော်ရယ်က ပြောကြားသည်။

သဘောတူ

ဟာလီဘာတန်ကုမ္ပဏီသည် တပ်ဖွဲ့ဝင်များအားရိက္ခာထောက်ပံ့ပေးရာတွင် ကျွေးမွေးစရိတ်များကို ဈေးပိုပြနေကြောင်း မကြာခင်က စွပ်စွဲခံရသည်။ ယင်းပြဿနာသည် မရှင်းသေးမီနောက်တွင် ငွေတောင်းခံမှုမပြုရန် သဘောတူညီထားသည်။

ယုံကြည်ထား

ဟာလီဘာတန်နှင့် အခြားစားနပ်ရိက္ခာ ကန်ထရိုက်လုပ်ငန်းရှင်များသည် ငွေကြေးပိုတင်တောင်းနေကြသည်ဟု ယုံကြည်ထားကြောင်း မော်ရယ်က ပြောကြားသည်။ ***အင်တာနက်။***

မတ် ၉ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ စစ်ဆေးရေးစခန်းတစ်ခု၌ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေ၌ ဒုံးကျည်များ ပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်တို့၏ဌာနချုပ် အဆောက်အအုံတည်ရှိရာ အစိမ်းရောင်နယ်မြေထဲတွင် မနေ့ညနေပိုင်းက ဒုံးကျည်များကျရောက် ပေါက်ကွဲခဲ့သည်။ အဆိုပါနေရာသည် အမေရိကန်တို့က အခိုင်အမာစောင့်ကြပ်ထားရာ နေရာဖြစ်သည်။

ထောက်လှမ်းခဲ့

ပေါက်ကွဲသံများကြားရပြီး သိပ်မကြာခင်တွင် အချက်ပေးဥဩသံများလည်း ပေါ်ထွက်လာသည်။ ထို့အပြင် သိပ်မကြာခင်မှာပင် ပေါက်ကွဲမှုဖြစ်ပွားသည့် အခြေအနေကို အမေရိကန်တို့က ရဟတ်ယာဉ်များဖြင့် ကောင်းကင်မှ လေ့လာထောက်လှမ်းခဲ့ကြသည်။

ပေါက်ကွဲမှုများသည် အမေရိကန်တို့၏ဌာနချုပ် အဆောက်အအုံကို ထိမှန်ခြင်းမရှိကြောင်းနှင့် ဌာနချုပ်အဆောက်အအုံနှင့် ကန့်သတ်နယ်မြေအကြား ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အီရတ် ဒေသန္တရကောင်စီဝင်နှစ်ဦး လိုက်ပါသည့်ကား ပစ်ခတ်ခံရ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိဟု ရဲတပ်ဖွဲ့က ပြောကြား

မိုဆူးလ် မတ် ၈

ခုခံတိုက်ခိုက်ရေးသမားများသည် ဒေသန္တရကောင်စီဝင်နှစ်ဦး လိုက်ပါလာသည့် ကားတစ်စီးကို မိုဆူးလ်မြို့တွင် တနင်္လာနေ့က ပစ်ခတ်တိုက်ခိုက်ရာ တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တွန်းလှန်တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်မြို့လယ်ရှိ ရဲဌာနနှစ်ခုကို စိန်ပြောင်းဖြင့် ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လူလေးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပစ်မှတ်ထား

အီရတ်ခေါင်းဆောင်ဟောင်းဆက်ဒမ်ဟူစိန်၏ သစ္စာခံတိုက်ခိုက်ရေးသမားများဟု ယူဆရသူများက အမေရိကန်ဦးဆောင်သည့် အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ကိုင်နေကြသော အရပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ တိုက်ခိုက်နေကြသည်။

ဒဏ်ရာရရှိ

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ မိုဆူးလ်မြို့တွင် လက်နက်ကိုင်များက ကားတစ်စီးကို ပစ်ခတ်ပြီး ထွက်ပြေးသွားကြသည်။ ဒေသန္တရကောင်စီဝင်တစ်ဦးဖြစ်သူ မာမွတ်နီဂျင် သေဆုံးသွားပြီး အခြားကောင်စီဝင်တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် အနောက်ပိုင်း ခါဒီယာမြို့တွင် ရဲတပ်ဖွဲ့အကြီးအကဲ အစ္စမေတာကီသည် ၎င်း၏အိမ်မှ တနင်္လာနေ့နံနက်ပိုင်းတွင် ထွက်ခွာခဲ့ရာ ၎င်း၏ကားအောက်မှ ဗုံးတစ်လုံးပေါက်ကွဲသွားခဲ့သည်။ တာကီ၏ယာဉ်မောင်းနှင့် ကိုယ်ရံတော်တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အိမ်နီးချင်းဖြစ်သူ ခါလက်ဖေရက်က ပြောကြားသည်။

အင်တာနက်။

ပြန်လည်ပြုပြင်

မတ် ၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်ခံရမှုကြောင့်ပျက်စီးသွားသည့် နေအိမ်ကို ပြန်လည် ပြုပြင်နေသည့် အီရတ်အမျိုးသား တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပြန် အမေရိကန်တပ်ကြပ်ကြီး ကားမှောက် သေဆုံး

ယူနီယံဒေးလ် မတ် ၉

အီရတ်တွင် တစ်နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် အမေရိကန်ကြည်းတပ် အရန်တပ်မှ တပ်ကြပ်ကြီးရစ်ကက်သည် ကြာသပတေးနေ့က နေရပ်သို့ ပြန်ရောက်ပြီး တနင်္လာနေ့ နံနက်က မော်တော်ကားမှောက်ရာတွင် သေဆုံးသွားသည်။

နေရပ်ပြန်ရောက်လာသူ တပ်ကြပ်ကြီး ရစ်ကက်သည် ဇနီးဖြစ်သူအတွက် လည်ဆွဲတစ်ကုံး ယူဆောင်လာခဲ့ကြောင်း ဇနီးဖြစ်သူ ဝမ်ဒါရစ်ကက်က ဝမ်းနည်းကြေကွဲစွာဖြင့် ယမန်နေ့က ပြန်ပြောင်းပြောပြသည်။

အင်တာနက်။

ဗြိတိသျှ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှု အီရတ်တောင်ပိုင်းတွင် စတင်စစ်ဆေးနေ

လန်ဒန် မတ် ၉

ဗြိတိသျှတပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရရှိပြီး အီရတ်နိုင်ငံသားသုံးဦး သေဆုံးစေခဲ့သည့် အီရတ်နိုင်ငံ တောင်ပိုင်းဒေသတွင် ပေါ်ပေါက်ခဲ့သည့် တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံက စတင်စစ်ဆေးနေကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များက ဘာဆရာမြို့အနီး ကျေးရွာတစ်ရွာတွင် သောကြာနေ့က ပုံမှန် ကင်းလှည့်ရာတွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရကြောင်း ကာကွယ်ရေးဌာနက ဆက်လက်ပြောကြားသည်။

ယင်းကျေးရွာတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအကြား ရန်စောင်သည့် အခြေအနေတွင် ရှိနေစဉ် ရွာအတွင်း လူစုလူဝေးဖြစ်လာနိုင်သဖြင့် မိမိတို့က နောက်ထပ်တပ်ဖွဲ့ဝင်များကို ဆင့်ခေါ်နေစဉ် စတင်ပစ်ခတ်မှုခံရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဗြိတိသျှ တပ်ဖွဲ့ဝင်များမှာ စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်မှုခံရပြီး အနီးအပါးရှိ ကင်းလှည့်တပ်ဖွဲ့၏ အကူအညီကို ရယူကာ လွတ်မြောက်အောင် ထွက်ပေါက်ရှာခဲ့ရသည်ဟု ဆိုသည်။

ယင်းသို့ အပြန်အလှန်ပစ်ခတ်မှုတွင် အီရတ်နိုင်ငံသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ မည်မျှအထိရှိကြောင်း မသိရသေးကြောင်းဖြင့် အဆိုပါ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက တိုက်ခိုက်မှုဖြစ်ပွားပုံကို မပြောကြားနိုင်သကဲ့သို့ သေဆုံးသူများမှာ အရပ်သားများ ဟုတ်၊ မဟုတ်လည်း ပြောကြားနိုင်ခြင်းမရှိပေ။

အင်တာနက်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့အား ကိုရီးယားသတင်းစာဆရာများ ဆန့်ကျင်ကန့်ကွက်

ဆိုးလ် မတ် ၉

တောင်ကိုရီးယား သတင်းစာဆရာများအသင်းသည် လွန်ခဲ့သော စနေနေ့က အီရတ်ရှိ တောင်ကိုရီးယား ရုပ်မြင်သံကြား သတင်းရိုက်ကူးရေးအဖွဲ့ဝင်သုံးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ တရားဝင် တောင်းပန်ရန် တောင်းဆိုကာ ယင်းနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များကို တနင်္လာနေ့က ပြင်းပြင်းထန်ထန် ကန့်ကွက်ဆန္ဒပြကြသည်။

အမေရိကန်နိုင်ငံသည် လွတ်လပ်သော ဒီမိုကရေစီ အချက်အချာနေရာဖြစ်သည်ဟု အခိုင်အမာ ပြောဆိုသော်လည်း ယခုဖြစ်ရပ်မှာ ၎င်းတို့နိုင်ငံအပေါ် အမည်းစက် ထင်စေခဲ့သည့် ဖြစ်ရပ်အဖြစ် အမေရိကန်တို့က ထင်ရှားပြတ်သားစွာ အသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာဆရာများအသင်းက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့က ထိန်းသိမ်းခဲ့သည့် တောင်ကိုရီးယားအစိုးရပိုင် ရုပ်မြင်သံကြား အစီအစဉ်မှ ဝန်ထမ်းသုံးဦးနှင့် ပတ်သက်၍ ဘဂ္ဂဒက်ရှိ တောင်ကိုရီးယားသံရုံးက မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး လေးနာရီကြာ ထိန်းသိမ်းထားပြီးမှ ပြန်လွှတ်ပေးခဲ့သည်ဆို၏။

ထို့ပြင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပြုမူလုပ်ဆောင်ချက်များသည် နိုင့်ထက်စီးနင်း ပြုကျင့်မှုနှင့် လူမဆန်သော လုပ်ရပ်များဖြစ်ကြောင်း မီဒီယာသတင်းများကို ကိုးကားလျက် ကိုရီးယားသတင်းစာဆရာများက ဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆန္ဒပြ

မတ် ၉ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန်သံရုံး အနီးတွင် ဆန္ဒပြနေကြသည့် တောင်ကိုရီးယား ရုပ်မြင်သံကြား ရိုက်ကူးသူများနှင့် ဓာတ်ပုံဆရာများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သမ္မတ ဘုရှ် ပြန်လည် အရွေးခံရရေး လူထု ထောက်ခံမှုနည်းနေ

ဝါရှင်တန် မတ် ၉

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ စီးပွားရေးဖော်ဆောင်မှုနှင့် အီရတ်နိုင်ငံ၏ အခြေအနေများကြောင့် သမ္မတပြန်လည်ရွေးချယ်ခံရရေးတွင် အမေရိကန်ပြည်သူလူထု၏ ထောက်ခံမှု အနည်းဆုံး အခြေအနေသို့ ရောက်ရှိနေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာနှင့် အေဘီစီသတင်းဌာန၏ လူထုစစ်တမ်းသစ်တစ်ရပ်အရ သိရသည်။

သမ္မတဘုရှ်မှာ ဒီမိုကရက်တစ်ပါတီ၏ အကြိုရွေးကောက်ပွဲရာသီတွင် လပေါင်းများစွာ ကြာသည်အထိ ပစ်မှတ်အဖြစ် ဝေဖန်ခံနေရသည်။

အင်တာနက်။

နေရပ်ပြန်ရန် ပြင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ နှောင့်နှေးနေရ

စပိန်ယားဖစ် မတ် ၉

အီရတ်၌ တစ်နှစ်နီးပါး စစ်မှုထမ်းပြီးနောက် နေရပ်ပြန်ရန် ပြင်နေသည့် တောင်ဒါကိုတာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များမှာ အရှေ့အလယ်ပိုင်းမှ ထွက်ခွာရမည့်အနေအထားတွင် လောလောဆယ် နေရပ်ပြန်ရန် အကြောင်းမမြင်သေးဟုဆိုသည်။

အမျိုးသားအစောင့်တပ်၏ အမှတ်(၇၄၀) သယ်ယူပို့ဆောင်ရေးတပ်ခွဲမှ တပ်ဖွဲ့ဝင်များ ကူဝိတ်သို့ပြောင်းပြီး လက်နက်များ အပ်နှံရသည်။ မော်တော်ယာဉ်များကို အစားထိုး လဲလှယ်သည့်တပ်သို့ ပေးလိုက်ရသည်။

မော်တော်ယာဉ်အချို့မပါဘဲ ၎င်းတို့ကို အီရတ်သို့ ပြန်လွှတ်မည်ဟူသော အသံများကိုလည်း ၎င်းတို့ ကြားနေရသည်ဆို၏။

ယင်းသို့ဖြစ်ရသည်မှာ ဝမ်းနည်းဖွယ်ကောင်းကြောင်း တော်ဒါကိုတာ အမျိုးသားအစောင့်တပ်၏ ပြန်ကြားရေးအရာရှိ ဗိုလ်မှူးဟာရီးဝေါကားက ပြောဆိုသည်။ တောင်ဒါကိုတာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ နေရပ်ပြန်ရေး နှောင့်နှေးသည့်ကိစ္စကို တောင်ဒါကိုတာပြည်နယ် အထက်လွှတ်တော်အမတ်များက ကြားသိသွားသည်။

မိမိတို့ပြည်နယ်မှ တပ်ဖွဲ့ဝင်များ စစ်မြေပြင်တွင် လက်နက်ယန္တရားမလုံမလောက်ဖြင့် တာဝန်ထမ်းနေရသည်ဆိုသော သတင်းကြောင့် များစွာ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း အထက်လွှတ်တော်အမတ် တွမ်ဒက်ချဲက ပြောကြားသည်။ ယင်းကိစ္စကို အထက်လွှတ်တော်အမတ် တင်ဂျွန်ဆန်ကလည်း လေ့လာနေသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

လှိုင်ဓမ္မရက္ခိတ ဖြူးမဟာစည် ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း လှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်ကျောင်းတိုက်၌ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ နည်းအတိုင်း ဧပြီ ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တရားစခန်းတွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိဆရာတော်ဦးစီး၍ အလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားအားထုတ် လိုသူများ ဖုန်း ၀၁–၆၈၂၇၁၁ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြို့ပြခြံစွဲတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ပုဂံပန်းများ ပွင့်တော့မည်

ချစ်ဆန်းသစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စတဲ့ လူမှုရေးဦးတည်ချက်များနဲ့အညီ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ရာမှာ မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံရှိ မြန်မာ့ယွန်းသိပ္ပံကို ယွန်းပညာကောလိပ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့လို့ ကြည်နူးပီတိဖြစ်ရတယ်။

ယွန်းသိပ္ပံဟာ မူလအခြေခံ ယွန်းပညာသင်ကျောင်းကနေ အထက်တန်းယွန်းပညာနဲ့ ယွန်းဒီပလိုမာအပ်နှင်းတဲ့ သိပ္ပံအဆင့်အထိ ၁၉၉၅ ခုနှစ်မှာ မြှင့်တင်ပေးခဲ့တာလည်း လက်ရှိအစိုးရလက်ထက်မှာပဲ ဖြစ်ပါတယ်။

ယွန်းပညာသင်ကျောင်းဟာ လွန်ခဲ့တဲ့ ၃၈ နှစ် (၁၉၆၅ ခုနှစ်)ခန့်ကစလို့ အခု ရောဟိုတယ်လမ်း/မြန်မာ့ယွန်းသိပ္ပံလမ်းလို့ ခေါ်နေကြတဲ့ ယွန်းကျောင်းသို့ သွားရာ မြေနီသဲဖုန်တောလမ်းကလေးဟာ ဖြောင့်ဖြောင့်မတ်မတ်မဟုတ်ဘဲ ကန္တာရပင်တွေ၊ ထနောင်းပင်အိုကြီးတွေနဲ့ အုပ်ဆိုင်းပြီး ပုဂံမြို့သူတို့ ရေခပ်သွားရာ ရေဆိပ်လမ်းကလေးဖြစ်တယ်။ အညာဆန်သဘောဆိုက်တဲ့ ရက်ပိုင်းလောက်သာ စည်ကားပြီး ကျန်အချိန်တွေမှာတော့ အညာနွေခေါင်ခေါင်နဲ့အတူ ပူလောင်လောင် ခြောက်ကပ်ကပ်ပါ။ ရန်ကုန်–ညောင်ဦး အမြန်ကားဆိုတာ မရှိသေး။ ရန်ကုန်က ကျောက်ပန်းတောင်းကို ပျဉ်းမနားလမ်းခွဲကနေ ရထားနဲ့လာ၊ ကျောက်ပန်းတောင်းရောက်တော့ ခုံတန်းရှည် ကားလုံးလုံးတွေနဲ့ ညောင်ဦးကို စီး၊ ပုဂံကို မြင်းလှည်းနဲ့ ဆက်သွား၊ အဲဒီလို အဆင့်ဆင့်စီးပြီး မြင်းလှည်းနဲ့ ကားလမ်းအတိုင်း ဆက်သွားမယ်ဆိုရင် လမ်းဆုံမှာ ဆင်း၊ ကိုယ့်အထုပ်ကိုယ်ထမ်းပြီး ယွန်းကျောင်းကို ခြေကျင်သုတ်ရတယ်။

ကျောင်းအဆောက်အအုံတွေက ကိုလိုနီခေတ်အတွင်းက စာသင်၊ လက်တွေ့ဆောင် ဝါးကပ်မိုး၊ ဝါးထရံကာ မြေစိုက်တဲအိုကြီးဖြစ်ပြီး သွပ်မိုးပျဉ်ထောင်ကာ ကျောင်းရုံးအဆောက်အအုံကြီးပဲ ရှိခဲ့ပါတယ်။ ယွန်းပြတိုက်ဆိုတာ မဆောက်ရသေးပါ။ စတုတ္ထ ပုဂံမြို့တည်၊ နန်းတည် ပျဉ်ပြားမင်းကြီးရဲ့ ကုသိုလ်တော်သစ္စာရှင်ဘုရား (အေဒီ–၈၄၉)ကတော့ ကျောင်းပရိဝုဏ်အတွင်း မထင်မရှား ကျောင်းဘုရားအဖြစ် ကိန်းဝပ်စံပယ်တော်မူလျက်ရှိခဲ့ပါတယ်။

၁၉၂၄ ခုနှစ်မှာ မျိုးချစ်စိတ်ဓာတ်ပြည့်ဝတဲ့ ပုဂံဝန်ထောက်မင်း ဦးတင်ကမကထပြုပြီး ပျောက်ကွယ်လုဖြစ်လာတဲ့ မြန်မာ့ရိုးရာ ပန်းယွန်းအနုပညာကို ပြန်လည်ဖော်ထုတ်ပြုစု ပျိုးထောင်ဖို့ အာဏာပိုင်တွေကို တင်ပြပြီး အစိုးရ ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့တယ်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစကာလမှာ နိုင်ငံတော်အစိုးရဟာ မြန်မာ့ယဉ်ကျေးမှု ရိုးရာအတတ်ပညာများကို ဖော်ထုတ်အားပေးလာတဲ့အခါ စက်မှုလက်မှုဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ယွန်းထည်လုပ်ငန်း အတတ်သင်က ဦးဆောင်ပြီး ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်နဲ့ ကျောင်းဆရာများ၊ ယွန်းပညာရှင်၊ လုပ်ငန်းရှင်များကို ဂျပန်နိုင်ငံသို့ ပညာတော်သင် စေလွှတ်ခြင်း၊ ဂျပန်ပညာရှင်များအား ကျောင်းသို့ ဖိတ်ခေါ်၍ သင်တန်းများပေးစေခြင်း၊ မြန်မာ့ယွန်းပညာ နည်းစနစ်များကို လေ့လာစေခြင်းများ ပြုလုပ်ခဲ့ပါတယ်။

၁၉၅၀ ပြည့်လွန်နှစ်များကနေ ၁၉၇၀ ပြည့်နှစ်ခန့်အတွင်းမှာ ယွန်းအတတ်သင်ကျောင်းကနေ စဉ်ဆက်မပြတ် ယွန်းပညာရှင်များကို မွေးထုတ်ပေးခဲ့ရာမှာ မျိုးဆက်သစ်များရဲ့ လက်ဆင့်ကမ်း ရိုးရာမပျက်ထိန်းရင်း ခေတ်နဲ့အညီ ပုံစံဒီဇိုင်းများ၊ ထုတ်လုပ်မှုနည်းစနစ်များကို ကျောင်းက ဦးဆောင်ပါဝင်ခဲ့မှုကြောင့် မြန်မာ့ယွန်းကို ကမ္ဘာက သိလာခဲ့ပါတယ်။ အလားတူ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက အထူးမှာကြားတဲ့ ယွန်းပရိဘောဂနဲ့ ယွန်းထည်ပစ္စည်းများ၊ နှစ်စဉ် ကျင်းပမြဲ တိပိဋကခရေနဲ့ ဘွဲ့တံဆိပ်တော် အသီးသီး ဆက်ကပ်ခြင်းခံရသော စာအောင်သံဃာတော် အကျော်အမော်များကို ဘွဲ့တံဆိပ်တော် ဆက်ကပ်ရာမှာ ရွှေမြန်မာထုံးတမ်းအစဉ်အလာနဲ့အညီ ဘွဲ့လက်မှတ်ထည့်တဲ့ ယွန်းကျည်တောက်များ စသည်တို့ကို ကျောင်းက လက်ခံဆောင်ရွက်ပေးရပါတယ်။

၁၉၇၀ ပြည့်နှစ်က ဂျပန်နိုင်ငံ အိုဆာကာမြို့မှာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (Expo 70-Osaka) ပြုလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ပြခန်း (ကရဝိက်ပုံ)နဲ့ ယွန်းအဆင်အပြင်များ၊ ကျွန်းအထပ်သား ပြင်ဆင်ထားတဲ့ ပြခန်းအဝင် ယွန်းတံခါးမကြီးများ၊ တိုင်လုံးများ၊ ပြခန်းအတွင်း အလှဆင် ယွန်းဒီဇိုင်းလက်ရာများရဲ့ ခံ့ညားထည်ဝါမှုတွေဟာ ပြပွဲလာပရိသတ်များရဲ့ စိတ်ကို ဖမ်းစားခဲ့တယ်။ မြန်မာ့ပြခန်း ကမ္ဘာကျော်ခဲ့ပြီး အကောင်းဆုံးပြခန်း စာရင်းဝင်၊ လာရောက်ကြည့်ရှု အားပေးသူအများဆုံး ပြခန်းများအဖြစ် မှတ်တမ်းတင်ခံခဲ့ရပါတယ်။

၁၉၇၀ ပြည့်လွန်နှစ်များနောက်ပိုင်း မြန်မာ့ယွန်းထည် ဈေးကွက်ဟာ ဦးမော့လာခဲ့ပါတယ်။ ယွန်းထည် ပစ္စည်းများကို ကုန်တိုက်ကြီးများ၊ လေဆိပ်အရောင်းဆိုင်များမှတစ်ဆင့် ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်း၌ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရောင်းချခြင်းတို့အပြင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကပါ ဈေးကွက်ဖြန့်နိုင်ခဲ့ပါတယ်။ ၁၉၇၂–၇၃ မှ ၁၉၇၉–၈၀ နှစ်များမှာ ပစ္စည်းအမယ်စုံ ဦးရေ ၁၀၀၀ ကျော်မှ ၆၀၀၀ ခန့်အထိ နှစ်စဉ် ပို့ကုန်အဖြစ် ရောင်းချပေးနိုင်ခဲ့ပါတယ်။ မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ကို နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်စားလာတာနဲ့အမျှ ယွန်းအတတ်သင်ကျောင်းကိုလည်း လေ့လာစရာ မဝင်မဖြစ်နေရာ တစ်ခုအနေနဲ့ သတ်မှတ်လာကြတယ်။

ယွန်းပြတိုက် ပေါ်ပေါက်လာရတာကတော့ မြန်မာ့ယွန်းသမိုင်းကြောင်းနဲ့ မြန်မာ့ယွန်းဒီဇိုင်းများကို နိုင်ငံတကာမှ ရောက်ရှိလေ့လာသူများ စူးစမ်းမေးမြန်းကြတဲ့အခါ စနစ်တကျ အထောက်အထားနဲ့တကွ ရှင်းပြဖို့ရာ ယွန်းပြတိုက်တစ်ခု လိုအပ်လာပါတယ်။ ဒါကြောင့် ၁၉၇၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့မှာ ယွန်းပစ္စည်းများကို ခေတ်အလိုက်ဒီဇိုင်းပုံစံများနဲ့ ယွန်းပြတိုက်ကို ကျောင်းဝင်းအတွင်းမှာ ဖွင့်လှစ်ပြသနိုင်ခဲ့ပါတယ်။

ပြတိုက်ရဲ့ အဝင်တံခါးမကြီးကို ကျွန်းသစ်ထွင်း ပန်းပုလက်ရာနဲ့ ခံ့ညားစွာပြုလုပ်ထားပြီး ပန်းပုရဲ့ မူရင်းဒီဇိုင်းကတော့ ပုဂံခေတ် ၁၂ ရာစု ဘုရားတစ်ဆူဖြစ်တဲ့ လောကထိပ်ပန် ဘုရားအတွင်းရှိ ဘုရားအလောင်းတော် ဖွားတော်မူခန်း နံရံဆေးရေးပန်းချီ မယ်တော်မာယာရုပ်ကို ကြည့်ရှုခံစားပြီး လူငယ်ပန်းပုဆရာအဖွဲ့က လက်စွမ်းပြခဲ့တာဖြစ်ပါတယ်။

၁၉၉၄ ခုနှစ်မှာတော့ ယွန်းကျောင်းရဲ့ သမိုင်းဟာ သိသိသာသာပြောင်းလဲဖြစ်ပေါ်လာပါတယ်။ ယွန်းထည်လုပ် အတတ်သင်ကျောင်းကို မြန်မာ့ယွန်းသိပ္ပံအဖြစ် တိုးမြှင့်ပြီး ယွန်းပညာဒီပလိုမာ နှစ်နှစ်သင်တန်းကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။

၁၉၉၆ ခုနှစ်မှာ မြန်မာ့ယွန်းသိပ္ပံကို အခြေပြုပြီး ယွန်းထည်လုပ်ငန်း ဖွံ့ဖြိုးရေးနဲ့ လက်မှုအနုပညာ ပစ္စည်းများ တိုးတက်ထုတ်လုပ် ရောင်းဝယ်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ဖို့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ဂျပန်နိုင်ငံ နာရာကာဝါမူရာတို့ ချစ်ကြည်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲ့ဒီစာချွန်လွှာအရ ဂျပန်နိုင်ငံ နာရာကာဝါမူရာမှ ယွန်းထည်လုပ်ငန်းများ၊ ပညာရှင်များနဲ့ ကျွမ်းကျင်သူများ ၁၉၉၇ ခုနှစ်မှစပြီး ၂၀၀၁ ခုနှစ်အထိ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်ပြီး ယွန်းထည်လုပ်ငန်းများ၊ မြန်မာ့ရိုးရာလက်မှုအနုပညာများ ကြည့်ရှုလေ့လာခြင်း၊ ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ မြန်မာ့ယွန်းသိပ္ပံနှင့် ကျွမ်းကျင်ဝန်ထမ်းများအား ဂျပန်နိုင်ငံသို့ ဖိတ်ကြားပြီး ဂျပန်ယွန်းပြုလုပ်နည်းများ သင်ကြားပြသခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီအစီအစဉ်အရ မြန်မာ့ယွန်းသိပ္ပံ ကျွမ်းကျင်ဝန်ထမ်း ခြောက်ဦးတို့အား တစ်ကြိမ်လျှင် နှစ်ဦးကျစီဖြင့် သုံးလမှ ကိုးလအထိ နိုင်ငံတော်က စေလွှတ်ပေးခဲ့ပါတယ်။

ဒါ့အပြင် ယွန်းထည်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် မြန်မာ့ယွန်းသိပ္ပံမှ ယွန်းပညာရှင်များ၊ ပုဂံ၊ မြင်းကပါ၊ မုံရွာ၊ ကျောက်ကာ၊ အင်းဝနဲ့ ကျိုင်းတုံဒေသတို့မှ ယွန်းထည်လုပ်ငန်းရှင်များနဲ့ ပညာရှင်များကို ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းရဲ့ အစီအစဉ်နဲ့ ဂျပန်နိုင်ငံသို့ လေ့လာရေးစေလွှတ်ပေးခဲ့ပါတယ်။

မြန်မာ–လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နှစ်နိုင်ငံ ပြန်ကြားရေးနဲ့ ယဉ်ကျေးမှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးအတွက် ရှေ့ပြေးကြိုတင်ဆောင်ရွက်မှုလုပ်ငန်းအဖြစ် လာအိုနိုင်ငံ ပန်းချီအနုပညာကျောင်းများမှ ဆရာ၊ ဆရာမနှစ်ဦးကို ၁၉၉၉ မှ ၂၀၀၁ ခုနှစ်အထိ မြန်မာ့ယွန်းသိပ္ပံမှာ ယွန်းထည်လုပ်ငန်းအတတ်ပညာများကို သင်ကြားပေးခဲ့ပြီး ယွန်းပညာဒီပလိုမာ ပေးအပ်နိုင်ခဲ့ပါတယ်။ ယွန်းပညာသင်ကြားတဲ့နေရာမှာ အထောက်အကူအဖြစ် သင်ပေးရတဲ့ မြန်မာစာနဲ့ မြန်မာစကားကိုပါ ကောင်းမွန်ရေလည်စွာ တတ်မြောက်သွားခဲ့ကြပါတယ်။

၁၉၉၆ ခုနှစ် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (I.B.C)မှာ ယူနက်စကိုအဖွဲ့နဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ပူးပေါင်းကျင်းပပြုလုပ်ခဲ့တဲ့ အရှေ့အာရှ ၁၁နိုင်ငံ ယွန်းထည်လုပ်ငန်း နှီးနှောဖလှယ်ပွဲမှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မြန်မာ့ယွန်းသိပ္ပံက ဦးဆောင်ပြီး မြန်မာ့ယွန်းထည်လက်ရာများကို မြန်မာနိုင်ငံကို ကိုယ်စားပြု ပါဝင်ခင်းကျင်းပြသခဲ့ပြီး ဆွေးနွေးတင်ပြမှုများအတွက် ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲမှာ ပါဝင်တက်ရောက်ခဲ့တဲ့ နိုင်ငံများက မြန်မာနိုင်ငံ ပုဂံဒေသကို အာရှရဲ့ ယွန်းဗဟိုဌာနအဖြစ် ထောက်ခံတင်ပြခဲ့ကြပါတယ်။

မြန်မာ့လက်မှု အနုပညာပစ္စည်းများကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်၊ ယွန်းထည်ပစ္စည်း ထုတ်လုပ်သူများအနေဖြင့် ယွန်းထည်ပစ္စည်းများကို အရည်အသွေးမြင့်မားအောင် ထုတ်လုပ်လာစေရန်နှင့် နိုင်ငံတကာဈေးကွက် ပိုမိုကျယ်ပြန့်စွာရရှိလာနိုင်စေရန်၊ ယွန်းထည်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် ပိုမိုတိုးမြှင့်ပေးပို့ နိုင်စေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရေးကို အထောက်အကူပြု၍ ယွန်းထည်အတတ်ပညာ တတ်ကျွမ်းသူ၊ ရွက်ပုန်းသီးအတတ်ပညာရှင်များ၊ ကျွမ်းကျင်တတ်မြောက်သူများကို ဖော်ထုတ်မြှင့်တင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်များချမှတ်ပြီး မြန်မာ့ယွန်းပွဲတော်ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပုဂံမြို့ မြန်မာ့ယွန်းသိပ္ပံဝင်းအတွင်း အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

မြန်မာ့ယွန်းသိပ္ပံကို ယွန်းပညာကောလိပ်အဖြစ် အဆင့်တိုးမြှင့်ပြီး ၂၀၀၃–၂၀၀၄ ပညာသင်နှစ်မှစ၍ ယွန်းပညာဒီပလိုမာ နှစ်နှစ်သင်တန်းနဲ့ ယင်းသင်တန်း အောင်မြင်ပြီးတဲ့အခါ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်နဲ့ အလားတူ စီးပွားရေးတက္ကသိုလ် ဝိဇ္ဇာ(စီးပွားရေး) ဒုတိယနှစ်သင်တန်းများသို့ ပေါင်းကူးတက်ရောက်ပြီး စီးပွားရေးဘွဲ့သင်တန်းများ ဝင်ရောက်သင်ကြားနိုင်မှာဖြစ်ပါတယ်။

မြန်မာ့ယွန်းအနုပညာဟာ သူ့ရဲ့တစ်မူထူးခြားတဲ့ ကိုယ်ပိုင်အနုလက်ရာ သွင်ပြင်လက္ခဏာ (Unique Style)ကြောင့် ကမ္ဘာက လေးစားစိတ်ဝင်စားကြပြီး မြန်မာ့ယွန်းထည်များဟာလည်း နိုင်ငံတကာဈေးကွက်မှာ ထင်ပေါ်အလေးထား ရေပန်းစားလျက်ရှိနေပါတယ်။ ပြည်တွင်းမှာလည်း ကမ္ဘာလှည့်ခရီးသွားများရဲ့ စွဲမက်မှုနဲ့ မြင်ရသူစိတ်ကို ဆွဲဆောင်စေနိုင်သော အမှတ်တရလက်ဆောင်ပစ္စည်း (Tourist Attraction Souvenir)တစ်ခုဖြစ်နေပါတယ်။ ကမ္ဘာက သိတဲ့ ပုဂံအနုလက်ရာ၊ ပန်းချီ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းယွန်းများမှာ ပါရှိတဲ့ လူ၊ နတ်၊ ဗြဟ္မာစတဲ့ ရုပ်ပုံတွေမှာ ရှေးရိုးကောက်ကြောင်းပန်းချီနဲ့ ဖော်ပြရာမှာ ကိုယ်နေကိုယ်ဟန် ယိမ်းနွဲ့လှုပ်ရှားမှုပေါ်လွင်စေဖို့ သုံးဆစ်ချိုးသဏ္ဌာန် ဖန်တီးလေ့ရှိတာမို့ ထူးခြားဆန်းသစ်လှပနေပါတယ်။ အလားတူ တောတောင်ခင်တန်း၊ ပန်းမန်များမှာလည်း ပုဂံမှုကောက်ကြောင်းများနဲ့ ဖွဲ့စည်းတန်ဆာဆင်လေ့ရှိပါတယ်။

ယခုအခါ နိုင်ငံတော်ရဲ့ ပြုစုပျိုးထောင်မှုနဲ့ သမိုင်းဝင်ရှေးဟောင်းပုဂံမြေမှာ တူရင်းတောင်နောက်ခံ အရုဏ်ဦးရောင်နီအောက်မှာ ပုဂံပန်းယွန်းများနဲ့အတူ ပန်းယွန်းပညာရှင် ပုဂံပန်းမောင်မယ်ဖူးငုံများ လှိုင်လှိုင်ပွင့်လာကြတော့မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

တရားတော်များ ဟောကြားမည်

ရန်ကုန် မတ် ၁၀

ဧရာဝတီတိုင်း မြန်အောင်မြို့ မူလသာယာကုန်း မိုးကုတ်ဓမ္မရိပ်သာမှ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဥတ္တရဝံသ (ပထမကျော်၊ ဓမ္မာစရိယ)သည် မုဒုံမြို့ ကျောင်းသစ် ဓမ္မရိပ်သာတွင် မတ် ၁၄ ရက်မှ ၂၀၊ ကော့ပရုံဓမ္မရိပ်သာတွင် မတ် ၂၂ ရက်မှ ၂၈ ရက်၊ ဘုရားသုံးဆူမြို့ ဓမ္မဟောဝန်ဓမ္မရိပ်သာတွင် ဧပြီ ၁ ရက်မှ ၇ ရက်အထိ သင်္ကြန်အဓိဋ္ဌာန်စခန်းပွဲ၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

မိုးကုတ် ဝိပဿနာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သင်္ကြန်ရက်များတွင် ဝိပဿနာတရားများ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ပဲခူးမြို့ ဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ၌ ဧပြီ ၁၁ ရက်မှ ဧပြီ ၁၉ ရက်ထိ တရားစခန်းဝင်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁–၃–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Legal forms and business organization (စီးပွားရေး၊ စီးပွားစီမံ)
- **၅:၃၅** ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "တစ်ရေးချစ်ခွင့်" (အပိုင်း–၁၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (အပိုင်း–၃၇)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

သာသနဟိတခမ္မာရုံ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သီတာလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့ကြီး၏ နှစ်စဉ်မဟာသကြင်္ကန်ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ အရှင်တိလောက(ပွင့်ဖြူ)မိုးကုတ်အဖွဲ့ချုပ်ဓမ္မကထိကရေကူးမြို့မကျောင်းကြီး ကမ္ဘာအေးအရှင်မြတ်က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများစာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပုံပါကျင်မြို့နှင့် မိုင်းခုတ်မြို့တွင် လုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့သို့ရောက်ရှိပြီး မိုင်းဆတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေးလိုက်ပါလျက် ဆက်လက်ထွက်ခွာရာ မိုင်းတုံမြို့နယ် ပုံပါကျင်မြို့သို့ ညနေပိုင်းတွင်ရောက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုံပါကျင်မြို့စုပေါင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များကိုညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ယင်းနောက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိသည်။

ညှိနှိုင်းဆောင်ရွက်

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မတ် ၇ရက် နံနက်ပိုင်းတွင် မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့သို့ ရောက်ရှိသည်။

တွေ့ဆုံမှာကြား

မိုင်းခုတ်မြို့ စုပေါင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ညပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုင်းဆတ်မြို့သို့ ရောက်ရှိပြီး မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မတ် ၈ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တာချီလိတ်မြို့သို့ ဆက်လက် သွားရောက်သည်။

ပုံပါကျင်မြို့နှင့် မိုင်းခုတ်မြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ်တွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရောက်ရှိရာဒေသအား မိမိတို့ဇာတိဒေသဖြစ်သည်ဟူသော ခံယူချက်ဖြင့် စေတနာထားလုပ်ဆောင်သွားကြရန်နှင့် ထိုသို့ဆောင်ရွက်သွားပါက နယ်မြေခံလူထုနှင့် တစ်သားတည်းဖြစ်၍ဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်ပြီး သိသာထင်ရှားစွာ နယ်မြေအကျိုး ဖြစ်ထွန်းလာမည်ဟု ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပုံပါကျင်မြို့ စုပေါင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံ ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံရှိ စင်ကာပူ အသင်း Singapore Association of Myanmar (SAM) ဥက္ကဋ္ဌ Mr. Chandran Menonက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရှိ စင်ကာပူ အသင်း Singapore Association of Myanmar (SAM) မှ လှူဒါန်းငွေကျပ် ၃၅၀၀၀၀၀ကို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz က ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက်အသင်းဥက္ကဋ္ဌဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင် မြန်မာနိုင်ငံရှိ စင်ကာပူအသင်း Singapore Association of Myanmar (SAM) မှ လှူဒါန်းငွေကျပ် ၃၅၀၀၀၀၀ကို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H .E. Mr. Simon Tensing de Cruz က အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေါက်ကိုင်း–ခွဲကိုက်ကျေးလက်ဂဝံလမ်း ပဲခူးတိုင်း ကဝမြို့နယ်တွင် ဖွင့်လှစ်

ရန်ကုန် မတ် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဌွေး တို့သည် ယနေ့နံနက် ၈နာရီခွဲတွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ခဲ့သော ပေါက်ကုန်း–ခွဲကိုက်ကျေးလက်လမ်း ဂဝံလမ်းသစ်အပိုင်း(၁)ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**

အဆိုပါလမ်းမှာအရှည် လေးမိုင်ခွဲရှိရာ လမ်းအပိုင်း(၁)တွင် အရှည်တစ်မိုင်၊ အကျယ်ရှစ်ပေရှိ ဂဝံလမ်းဖြစ်ပြီး ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် မိုးကနိမ်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အလှူရှင်စက်ရေတွင်း တူးဖော်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပဲခူး–သနပ်ပင်–ကဝမြို့နယ်ချင်းဆက် လမ်းဖြစ်သော ကျိုက်ပဒိုင်–တာ၁၀–ပိုင်ကျုံ–ဖလေးလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က နှစ်အလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး စက်ယန္တရားကြီးများဖြင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် သနပ်ပင်မြို့နယ် မင်းရွာကျောင်းစု သစ်သားတံတား တည်ဆောက်ရေးလုပ်ငန်းကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့သို့ရောက်ရှိကြပြီး လမ်းဘေးဝဲ/ယာ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ရွှေမော်ဓော ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

ပျားမွေးမြူရေး ပညာပေးသင်တန်းဖွင့်

ရန်ကုန် မတ် ၁၀

လွိုင်လင်ခရိုင် လွိုင်လင်မြို့တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်နယ်ပျားလုပ်ငန်းဦးစီးဌာနမှကြီးမှူး ဖွင့်လှစ်သော မွေးမြူရေးလုပ်ငန်း ပြည်သူတိုးချဲ့ ပညာပေး သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉နာရီက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူး အေးမောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီးပြည်နယ်ပျားမွေးမြူရေးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ လွိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၀ဦး တက်ရောက်ကြသည်။

(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ ရွှေဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ချမ်းမြသာစည် မြို့နယ် တောင်ပြင်ထီးလင်းတိုက် ကျားပျံပိဋကကျောင်း ရေတော်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျန်းမာရေးအခြေအနေများကို လျှောက်ထားသည်။ ဆက်လက်၍ ကျားပျံပိဋကကျောင်း၌ ခေတ္တ သီတင်းသုံးလျက်ရှိသည့် မော်လမြိုင်မြို့ ဝဲပျံကျောင်းဆရာတော်အား ဖူးမြော်ကန်တော့သည်။

ရေဝတီတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ရေဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း မန္တလေးဘက်ကမ်းသို့ ရောက်ရှိရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပုနှင့် တာဝန်ရှိသူများ၊ ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းမန္တလေးဘက်ကမ်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေမြင့်၊ စစ်ကိုင်းဘက်ကမ်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် မန္တလေးဘက်ကမ်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေမြင့်က ရေလယ်တိုင် အမှတ် RP1 နှင့် RP2 တို့တွင် တံတားသံပေါင် တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်နေသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးဘက်ကမ်းရှိ တိုင်အမှတ် RP3 ဘိုးပိုင်စိုက်ထူရေး အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေမြင့်က လိုက်လံရှင်းလင်းတင်ပြသည်။

စစ်ကိုင်းဘက်ကမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါလျက် စစ်ကိုင်းဘက်ကမ်းသို့ ရေယာဉ်ဖြင့်သွားရောက်ရာ ဆိပ်ကမ်းတွင် နယ်မြေခံတပ်မှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းဘက်ကမ်းရှိ RP-7 ပိုင်တိုင် ထိပ်အုပ်ခွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တိုင်အမှတ် RP-8 ပိုင်တိုင်အတွင်း ကွန်ကရစ်လောင်းရန်အတွက် ပြင်ဆင်နေမှုနှင့် တံတား တည်ဆောက်ရေးအတွက် သံပေါင်များ ရောက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မီးရထားလမ်း

ထို့နောက် ရှင်းလင်းဆောင်တွင် စစ်ကိုင်းဘက်ကမ်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းက တံတားချဉ်းကပ်ကမ်း လမ်းအောက်တွင် မီးရထားလမ်း ဖောက်လုပ်ရေးအတွက် တံတားချဉ်းကပ်တိုင်အမှတ် G5 နှင့် G6 တို့ တည်ဆောက်သည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် တံတားဦးမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့်တံတားဦး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ကြိုဆိုကြပြီး အစည်းအဝေးခန်းမတွင် တံတားဦးမြို့နယ် ဌာနဆိုင်ရာအမှုထမ်းများနှင့်တွေ့ဆုံသည်။

ပူးပေါင်းပါဝင်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများက နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်တွင် ဒေသလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဖြစ်ကြောင်းနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တံတားဦး အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းရာ တံတားဦးမြို့နယ်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်သန်းက လက်ခံရယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ နေ့လယ်ပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မန္တလေးမြို့တွင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တံတားဦး အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးကျော်သန်းက လက်ခံစဉ်။ (သတင်းစဉ်)

ရေဒီယိုအသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ် ၁၃ရက်(စနေနေ့)ည ၇နာရီ၁၅မိနစ်တွင် မြန်မာ့အသံရေဒီယို အစီအစဉ်မှ မြင့်မြင့်၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ်ထုတ်လွှင့်မည့် "ဆွတ်ချူလှည့်ပါ ရွှေသဇင်" ဇာတ်လမ်း ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် မင်းသူ၊ တေးသံရှင် နွဲ့ဒါလီလင်းနှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ စစ်ကိုင်းတိုင်းတွင် လုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၁၀

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူးနှင့် ဝန်ကြီးဌာနအောက်မှ ဦးစီးအရာရှိများ လိုက်ပါ၍ မတ် ၁ရက်တွင် မော်လိုက်ခရိုင်သို့ ရောက်ရှိပြီး မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် မော်လိုက်ရဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဒုတိယဝန်ကြီးသည် မတ် ၄ရက်တွင် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လည်းကောင်း၊ မော်လိုက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များအားလည်းကောင်း တွေ့ဆုံ၍လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၅ရက်တွင် ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မတ် ၆ရက်တွင် ခမ်းပါတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားပြီး တမူးရဲစခန်း၊ တမူးမူးယစ်အထူးအဖွဲ့ရုံးနှင့် တမူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် မတ် ၇ရက်တွင် ကဆော်ချိုင့်ဝှမ်းရှိ အောင်ဇေယျရဲစခန်းကို ကြည့်ရှုစစ်ဆေးပြီး မြို့သစ်မြို့ အထက်တန်းကျောင်း၌ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၈ရက်တွင် တမူး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရှေ့တန်းရုံး၊ တမူး သတင်းရဲတပ်ဖွဲ့တပ်ဆွယ်တို့ကို ကြည့်ရှုစစ်ဆေးပြီး တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ကလေးမြို့နယ်ခန်းမတွင် ကလေးခရိုင်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (ပြည်ထဲရေး)

စိန်ပေါလ်ကျောင်းသားဟောင်း ငွေရတုအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၀

စိန်ပေါလ်ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီအစည်းအဝေးကို လစဉ် ဒုတိယပတ်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၆) ဗိုလ်တထောင် မြဝတီခန်းမ၌ ကျင်းပလျက်ရှိရာ ၁၉၄၆-၁၉၆၅ခုနှစ်အထိ ကျောင်းသားဟောင်းများသည် ကျင်းပရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းကြရန် ဖြစ်သည်။

ငွေရတုကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း) ဖုန်း-၂၅၂၁၂၆၊ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ကျော် ဖုန်း-၂၉၀၄၂၀၊ ကျောင်းသားဟောင်းများ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်အုန်း (ငြိမ်း)ဖုန်း-၅၀၀၁၇၄၊ ဘဏ္ဍာရေးမှူး ဦးဟန်ညွန့် ဖုန်း-၀၉၈၀၃၂၄၄၂ နှင့် အမှုဆောင် ဦးငွေလှိုင် ဖုန်း-၂၄၉၇၃၃ နှင့် ၃၇၈၆၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၂၃)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြောင်းမြ(ဝါးကျောင်း) ဝိသုဒ္ဓိဆရာတော် တရားဟောမည်

ရန်ကုန်　　မတ်　　၁၀

မြောင်းမြ(ဝါးကျောင်း)ဝိသုဒ္ဓိဆရာတော်သည် မတ် ၁၃ရက် ည ၇နာရီတွင် ဂေါပကအဖွဲ့၏ ပင့်ဖိတ်ချက်အရ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးတန်ဆောင်း၌လည်းကောင်း၊ မတ် ၁၄ရက် ည ၇နာရီတွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ရန်ကုန်–ပုသိမ် ကားလမ်းမကြီးဘေးရှိ ဆုကြီးရွာ ဇမ္ဗူဒီပကျောင်းတိုက်၌လည်းကောင်း ဝိပဿနာတရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။

(က–ပ)

✧ **တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေမှ**

ရှေ့ဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်–သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်သည့် ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းရုံးသို့ ရောက်ရှိလာရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းက ရန်ကုန်–သန်လျင် အမှတ်(၂) တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ခြင်းစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်–သန်လျင် အမှတ်(၂) တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ခြင်းလုပ်ငန်း၏ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေရရှိရေးအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရန် လမ်းဖြစ်မြောင်းဖြစ် စနစ်တကျဆောင်ရွက်ရေးနှင့် လုပ်ငန်းများ စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်–သန်လျင် အမှတ်(၂) တံတားတည်ဆောက်ရေးစီမံကိန်း၊ သန်လျင်မြို့နယ်ဘက်ကမ်းမှနေ၍ တံတားကြီးတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ငစိန်ချောင်းကူးတံတား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်–သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့်လမ်းပေါ်ရှိ ငစိန်ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၆)မှ တာဝန်ရှိသူများက ငစိန်ချောင်းကူးတံတား စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းမီအမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်–သန်လျင် အမှတ်(၂) တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ခြောက်လမ်းသွားလမ်းမကြီးအား စက်ယန္တရားကြီးများဖြင့် မြေသားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်–သန်လျင် အမှတ်(၂)တံတားမှ သီလဝါ စက်မှုဇုန်လမ်းအထိ အရှည် ၁၀မိုင်နှစ်ဖာလုံရှိ ခြောက်လမ်းသွား လမ်းမကြီးကို အရည်အသွေး စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဘော့ချောင်းတံတား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်–သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ခြောက်လမ်းသွား လမ်းမကြီးပေါ်ရှိ ဘော့ချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား စံချိန်စံညွှန်းမီ လုပ်ငန်းများ အမြန်အပြီးသတ်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဘော့ချောင်းတံတားပေါ်မှနေ၍ ဘော့ချောင်းကမ်းဘေးဝဲ/ယာ၌ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ခြောက်လမ်းသွားလမ်းမကြီး၏ ရန်ကုန်–သန်လျင် အမှတ်(၂)တံတားမှ အမှတ်(၆)လမ်းမကြီးအထိ အပိုင်း၌ အရှည်ငါးမိုင် ခြောက်ဖာလုံ မြေသားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် လမ်းမကြီးပေါ်ရှိ Box Culvert လေးခုတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညောင်ဝိုင်းစခန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် ညောင်ဝိုင်း စိုက်ပျိုးရေးပညာပေးစခန်းသို့ရောက်ရှိပြီး ဘန့်ဘွေးကုန်းဆည်ရေသောက်နွေစပါး ပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသခံတောင်သူလယ်သမားကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ နေရာလပ်မကျန်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေမှု အခြေအနေများနှင့် တောင်သူလယ်သမားကြီးများအတွက်လည်း အကျိုးအလွန်ရှိသော လုပ်ငန်းကြီးဖြစ်၍ အားကြိုးမာန်တက် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့အတွင်း လာမည့်နွေစပါး စိုက်ပျိုးရာသီတွင် နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ယခုကာလတည်းက ကြိုတင်တွက်ဆ ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

မတ် ၁၀ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့်စစ်ကြောင်းကြီးများ(တပ်ပါ) ချီတက်လေ့ကျင့်မှုကို ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ရှေ့ဖုံး)

(ထပဆ)

✻ **(၅၉)နှစ်မြောက်မှ**

ရွှေတံဆိပ်ဆုရ အိဖြိုးပိုင်၊ အိယဉ်မွန်၊ ဖူးဖူးသန့်၊ အိမ့်သရသူတို့က စန္ဒရားဆိုင်ရာအနုပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်လိမ္မာမှု ဂီတအရည်အသွေးများကို လက်စွမ်းပြသကြမည်ဖြစ်သည်။

ဤဂီတပွဲတော်ကြီးတွင် တယောကိုတင်ဌေး၏ တယောသြခက်စတြာနှင့်အတူ ခေတ်ပေါ်တူရိယာများ၊ တိမ်မြုပ်နေသော ရှေးဟောင်းမွန်မြန်မာတူရိယာတီးခတ်မှုများနှင့် သုမောင်၊ကေတုဝင်းထွဋ်၊သန်းမြတ်စိုး၊ ရန်ပိုင်စိုး၊ ရာဇာဝင်းတင့်၊ မောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ ဖိုးသောကြာ၊ တင်တင်မြ၊ ထား၊ဖြူသီ၊ရီရီသန့်၊ နှင်းရည်သန့်၊ စိုးစန္ဒာထွန်း၊ ခင်မျိုးအေး၊ ပန်းအိဖြူ၊အိအိချွန်၊ ရွှေယမင်းဦးတို့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲရွှေတံဆိပ်ဆုရှင် မျိုးဆက်သစ်တေးသံရှင်များ၏ တေးသံသာများကို နားဆင်ကြရမည်ဖြစ်သည်။

ထို့ပြင် မိုးဒီ၊ အရိုင်း၊ ရန်ပိုင်စိုးတို့၏ ဟာဒယနှလုံး ရွှင်ပြုံးစေမည့် ဟာသရသများကိုလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။

ဂီတပွဲတော်ကြီး၏ ဝင်ကြေးမှာငွေကျပ်ငါးရာ၊တစ်ထောင်၊နှစ်ထောင်၊ သုံးထောင်နှင့်ငါးထောင် အသီးသီးဖြစ်ပြီး ညစဉ်၇နာရီမှစ၍ ဂီတပွဲတော်ကြီးကျင်းပမည်ဖြစ်သည်။ ကြိုတင်လက်မှတ်များကို ချမ်းသာစာပေတိုက် အမှတ်(၁၂၀) (၃၄)လမ်းနှင့် နေပြည်တော်ရုပ်ရှင်ရုံတို့တွင် မတ်၁၃ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန်　မတ်　၁၀

တရုတ်–မြန်မာ နှစ်နိုင်ငံ စာရေးဆရာများ အပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှုကို တိုးပွားလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် ဝမ်ချုံးလွီ ခေါင်းဆောင်ပြီး အဖွဲ့ဝင်လေးဦးပါဝင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

အဆိုပါ တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Pan Feng နှင့် သံရုံး အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင်ဝမ်ချုံးလွီတို့ခေါင်းဆောင်ပြီး အဖွဲ့ဝင်လေးဦး ပါဝင်သော တရုတ်စာရေးဆရာကိုယ်စားလှယ်အဖွဲ့ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန်　　မတ်　　၁၀

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သြဝါဒနှင့်အညီ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှု (မြန်မာ/အင်္ဂလိပ်)သင်တန်းကို မတ် ၂၂ ရက်တွင် ကမ္ဘာအေးကုန်းမြေ၌ ဖွင့်လှစ်မည်ဖြစ်ရာ အင်္ဂလိပ်ဘာသာဖြင့် ပို့ချမည့်သင်တန်းကိုတက်ရောက်လိုသူများသည်တက္ကသိုလ်ဝင်တန်းအဆင့်နှင့်အထက် အင်္ဂလိပ်စာအခြေခံရှိရန် လိုအပ်ပြီး မြန်မာဘာသာဖြင့် ပို့ချမည့်သင်တန်းကို မူလတန်းအဆင့်မှစ၍ မည်သူမဆို တက်ရောက်နိုင်သည်။

သင်တန်းကာလမှာ မတ် ၂၂ ရက်မှ မေ ၂၁ ရက်အထိ ရက်သတ္တ ရှစ်ပတ်ဖြစ်သည်။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နည်းပြဆရာတော်များနှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ပို့ချမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် ဝိသာခါတန်ဆောင်း၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ကမ္ဘာအေး ဖုန်း–၆၆၄၃၉၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၃–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၇။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၂ခုနှစ်)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၃၅ ၇။ တေးဂီတအစီအစဉ်
- ၅:၅၀ ၈။ မြန်မာစာ မြန်မာစကား
- ၆:၁၀ ၉။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း–၅)**
- ၇:၃၅ ၁၃။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၅ ၁၄။ သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည် ရန်ကုန်မြေ (အပိုင်း–၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **၂၀၀၃–၂၀၀၄ ပညာသင်နှစ် ရန်ကုန်ပန်းချီကျောင်း သင်တန်းဆင်းပွဲ တင်ဆက်မှုအစီအစဉ်**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

တောင်ကြာအင်း မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်၊တောင်ကြာအင်း၊တောင်ပေါ်ကျောင်းတိုက် နာယကဆရာတော် ဦးဥတ္တရအား အမှူးထား၍ မိုးကုတ်ဝိပဿနာခုနစ်ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၁ရက်မှ ၇ရက်(မတ်၂၁ရက်မှ ၂၇ရက်)အထိ ကျင်းပမည်ဖြစ်သည်။ယင်းတရားစခန်းပွဲတွင် ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ အရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) ဒီဃဘာဏကဒီဃနိကာယ ကောဝိဒအရှင်သူမြတ်နှင့် ဓမ္မကထိကဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့ကဟောကြားမည်ဖြစ်သည်။(က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူအကျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသောဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသ(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ)၊ ဆရာတော်ဘဒ္ဒန္တပညာဒီပ(ကျိုက်ထီးဆောင်းဆရာတော်)နှင့် မွန်ပြည်နယ်မြို့နယ်များမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၇ပါး၊ သီလရှင်နှစ်ပါးတို့အားစုပေါင်း ချီးကျူးပူဇော်သည့် အခမ်းအနားကို မတ် ၆ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်းမွှေရုံ၌ကျင်းပစဉ်။ (ကြေးမုံ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိကြသူများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၀

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကား ပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မင်းသူ၊ ဒုတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး ဒေါ်ဖြူဖြူဖွေးမြင့်၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်ကျော်ဇောလင်းတို့က လည်းကောင်း၊ အရာခံအဆင့်တွင် ပထမဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယ အရာခံ ဗိုလ်ညွန့်ဝင်း၊ ဒုတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ်ကျော်အေး၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁) အောင်ဇော်ထွန်းတို့က လည်းကောင်း၊ အကြပ်အဆင့်တွင် ပထမဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ် သန်းဦး၊ ဒုတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ တပ်ကြပ်ကြီးအောင်ကျော်ဌေး၊ တတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ် သန်းဌေးတို့ကလည်းကောင်း၊ တပ်သားအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ တပ်သားဉာဏ်စိုး၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သားကျော်မင်းထွန်း၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားမျိုးညွန့်တို့က လည်းကောင်း အသီးသီးရရှိကြသည်။

ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမဆုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး လင်းသူ၊ ဒုတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး ဒေါ်ခင်နှင်းမြင့်၊ တတိယဆုကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်သိန်းဇော်တို့ကလည်းကောင်း၊ အရာခံအဆင့်တွင် ပထမဆုကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁)အောင်သန်းထွန်း၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်း အချက်ပြကြီး စိုးလွင်မိုး၊ တတိယဆုကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယအရာခံဗိုလ်စိုးသိန်းတို့က လည်းကောင်း၊ အကြပ်အဆင့်တွင် ပထမဆုကို ရန်ကုန် တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီး ဖြိုးမောင်လှ၊ ဒုတိယဆုကို အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်မှ တပ်ကြပ်မျိုးဆွေ၊ တတိယဆုကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ်သက်မြင့်ထွေး တို့ကလည်း ကောင်း၊တပ်သားအဆင့်တွင် ပထမဆုကို အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တပ်သားကျော်ဇေယျ၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သား ရဲဇော်ထူး၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သား အောင်ဇော်ဝင်းတို့က လည်းကောင်း အသီးသီးဆုများ ရရှိကြသည်။

(သတင်းစဉ်)

အုပ်(၁၀၀)ပြည့်စာအုပ်ပြပွဲ ခင်းကျင်းပြသ

ရန်ကုန် မတ် ၁၀

၁၉၉၉ ခုနှစ် အမျိုးသား စာပေဆုရ ကောင်းသန့်စာအုပ်တိုက်ပိုင်ရှင် စာရေးဆရာဦးခင်မောင်ကြွယ် (ကောင်းသန့်)၏ (၅)နှစ်မြောက် အုပ်(၁၀၀)ပြည့် စာအုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ခန်းမ၌ခင်းကျင်းပြသရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် စာရေးဆရာကြီးများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက ခင်းကျင်းပြသထားသော ၁၉၉၉ခုနှစ် အမျိုးသား စာပေဆုရ စာရေးဆရာ ကောင်းသန့်၏ အိပ်မက်အလွမ်းစာအုပ်နှင့် ယင်းစာပေတိုက်မှ ထုတ်ဝေသော ဘာသာပြန်စာအုပ်များ၊ ဝတ္ထုအသစ်များ၊ အချစ်နှင့်ပတ်သက်သော ဘဝဒဿနစာအုပ်များ၊ သုတ၊ရသ စာပေများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါပြပွဲကို ယနေ့မှစ၍ မတ် ၁၅ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅နာရီအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က စာရေးဆရာ ကောင်းသန့်၏ (၅)နှစ်မြောက် အုပ်(၁၀၀)ပြည့် စာအုပ်ပြပွဲကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပွန်တန်ဆာမြို့ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

ပဲခူးတိုင်း ပွန်တန်ဆာမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အစိုးရအလယ်တန်းကျောင်း ဘိုးရာဇာခန်းမဆောင်ကြီး၌ ဧပြီ ၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းနေဖက်များအနေဖြင့် ငွေပဒေသာပင်တစ်ခုလျှင် ငွေကျပ် ၅၀၀၀ဖြင့် စိုက်ထူလှူဒါန်းနိုင်ကြပြီး လှူဒါန်းလိုသူများနှင့် ကန်တော့ခံ အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများသည် ဒေါ်ခင်စောမူ ဖုန်း-၆၆၃၁၃၇၊ ဦးစန်းမောင် ဖုန်း-၀၂-၂၃၅၉၁နှင့် ပွန်တန်ဆာ ဦးတင်ဦး ဖုန်း-၅၆နှင့် ဒေါက်တာခင်မောင်အေး ဖုန်း-၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၂)ဖြန့်ချိ

ရန်ကုန် မတ် ၁၀

ခြောက်လမ်းသွားလမ်းမကြီးများတွင် ယာဉ်ရပ်နားခြင်းတားမြစ်၊ ပုဂ္ဂလိက ဘောလုံးသင်တန်း ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်၊ မုတ္တမ ပင်လယ်ကွေ့လုပ်ကွက် အမ်-၇နှင့် အမ်-၉တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တွင်း တူးခြင်းများမကြာမီစတင်ဖွယ်ရှိစသည့် ပြည်တွင်း သတင်းဦး၊ သတင်းထူး ဝေဝေဆာဆာဖြင့် ဆဲဗင်းဒေးနယူးစ်ဂျာနယ်ကို e-Empire Media House ဖုန်း-၇၀၃၈၁၃က ဖြန့်ချိလိုက်သည်။

(က-ပ)

မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၀

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းသို့ KOTRA မှ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ Daegu မြို့တွင် မတ် ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပမည့် Preview in Daegu International Textile Fair သို့ သွားရောက်လေ့လာရန်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကိုရီးယားအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေးရန် ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့် ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် မြန်မာအမျိုးသမီးအဖွဲ့သည်မတ်၉ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေး အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ ဒေါ်နုနုရီနှင့် အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်ကြသည်။**(ယာပုံ)**

(သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လု

ရန်ကုန် မတ် ၁၀

၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲခမ်းအနားကို မတ် ၄ ရက် နံနက်ပိုင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ပြည့်ဇာနည် အားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လမြိုင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည် မိသားစုဝင်များ၊ တပ်မတော် ဘော်လီဘောကော်မတီအဖွဲ့နှင့် ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်း၂၃သင်းမှ အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အမျိုးသမီး ဘော်လီဘော ဗိုလ်လုပွဲ၊ ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်မှုများကိုလည်းကောင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲ တတိယဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်း၊ အမျိုးသားအသင်းလိုက် တတိယဆုရ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့အား နေရာအလိုက် အကောင်းဆုံးဆုများနှင့် တစ်ဦးချင်းဆုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဒိုင်း

ဆက်လက်၍ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတံခွန်စိုက်ဒိုင်းဆုရ ကာကွယ်ရေးဦးစီးချုပ် (ရေ)အသင်းနှင့် အမျိုးသားပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က တံခွန်စိုက်ဒိုင်းဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

မတ် ၆ ရက်က တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် (၁)ဝိုင်း ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးသင် မိဘမဲ့ အခြေခံပညာမူလတန်း သာသနရက္ခိတ ပရဟိတကျောင်းတွင် မိဘမဲ့ကလေးငယ် ၁၀၀တို့အား မီကာဆာဟိုတယ်မှ ဝန်ထမ်းမိသားစုများက လစဉ်လှူဒါန်းခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် နံနက်စာကျွေးမွေးပြီး အဝတ်အထည်ပစ္စည်းများနှင့်စားသောက်ဖွယ်ရာများကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဇောတိကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ ကြီးကြပ်မှု လုပ်ငန်းကော်မတီ စည်းဝေး

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ကျင်းပသော ၂၀၀၄ ခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် အိန္ဒိယနိုင်ငံမှ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းမောင်းနှင်မည့် အာဆီယံ- အိန္ဒိယမော်တော်ကားပြိုင်ပွဲ ဖြစ်မြောက်ရေး၊ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ရေးနှင့် ပြိုင်ပွဲစီစဉ်ကျင်းပမှုဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပေးထားသည့် "အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲညှိနှိုင်း ကြီးကြပ်မှု လုပ်ငန်းကော်မတီ" အစည်းအဝေးသို့ တက်ရောက်၍အမှာ စကားပြောကြားသည်။

အစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲညှိနှိုင်းကြီးကြပ်မှုလုပ်ငန်းကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝိုင်းဝန်းပံ့ပိုး

ရှေးဦးစွာ အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ ညှိနှိုင်းကြီးကြပ်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြိုင်ပွဲ အောင်အောင်မြင်မြင်ဖြင့် ကျင်းပသွားနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးသွားရန် ကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲကျင်းပမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူတို့က အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် မတ် ၁၀

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနာ့ဓဇ သိရိပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ်၁၈ရက်မှ ၂၇ရက်အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ မတ် ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

အဆင့်မြင့်တန်းရောက်လာမည့် "ကမ္ဘောဇ"

❍ **ကျောဖုံးမှ**

အကူအညီတောင်း တာဝန်လွှဲအပ်ခဲ့ပါသည်။ ထိုအချိန်က တံခွန်ဘောလုံးအသင်းသည် အဆင့်မြင့်တန်းကို စတင်တက်လှမ်းခဲ့သောအချိန်ဖြစ်ပါသည်။ ကမ္ဘောဇသည် တံခွန်နှင့် ညီနောင်ဘောလုံးအသင်းဟုဆိုသော် မမှားပါပေ။

ကမ္ဘောဇဘောလုံးအသင်းကို ဖွဲ့စည်းလေ့ကျင့်ပျိုးထောင်ပေးခဲ့ရာတွင် အသင်း၏နာယက ပုဂ္ဂိုလ်များအဖြစ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်းတို့က ဦးဆောင်ပါဝင်ခဲ့ကြသည်။ အုပ်ချုပ်မှုအဖွဲ့၌ ဦးဇော်ဝင်းနိုင်၊ ဦးဝေယံအောင်၊ ဗိုလ်မှူးတင်စောနိုင်၊ ဦးထွန်းထွန်းလင်း၊ ဦးစိန်မျိုးမြင့်တို့ပါဝင်ခဲ့ကြပြီး တာဝန်ယူခဲ့ကြသည်။ နည်းပြအဖွဲ့တွင် မူလကတံခွန်ကလပ်အသင်းအား တာဝန်ယူခဲ့ကြသော ဦးကီးလှတင်၊ ဦးဝင်းမောင်၊ ဦးသိန်းထွန်းသိန်း၊ ဦးအောင်သက်တို့အပြင် ဦးဝင်းတင်၊ဦးလှဌေး၊ဦးခင်မောင်ရွှေ၊ ဦးတင်ရွှေ၊ဦးဌေးမြင့်တို့ကို ထပ်မံအားဖြည့် တာဝန်ပေးခဲ့ပါသည်။

၂၀၀၂ခုနှစ် မတ်လ ၁ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော ကမ္ဘောဇအသင်းကို စာနယ်ဇင်းများ၏ လှုံ့ဆော်မှုဖြင့် လူပေါင်း ၂၀၀ခန့် လာရောက်ဆက်သွယ်ခဲ့ကြသည်။ ထိုလူငယ် ၂၀၀ခန့်အား စမ်းသပ်လေ့ကျင့်ပေးပြီး လေးလတာမျှ အချိန်ယူကာ လူများစိစစ်ရွေးထုတ်ခဲ့ရပါသည်။ လူစစ်ထုတ်ပြီး ရရှိခဲ့သော လူငယ်လေးဆယ်ခန့်ကိုအသင်း ဖွဲ့စည်းကာ ၂၀၀၂ ခုနှစ် ဇူလိုင်လဆန်းတွင် ပထမတန်းအဆင့်ကွင်းဖွင့်ဖလားပွဲ နွှဲခဲ့ရပါသည်။ ကမ္ဘောဇအသင်းအနေဖြင့် လူငယ်များဖြင့် ဖွဲ့စည်းတည်ထောင်သော အသင်းဖြစ်၍ ဒုတိယတန်းတွင်ပါဝင်ယှဉ်ပြိုင်ခွင့် လျှောက်ထားခဲ့သော်လည်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပထမတန်းတွင် ပါဝင်ယှဉ်ပြိုင်ရန်ဆုံးဖြတ်ခဲ့၍ ပထမတန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြရသည်။

ကွင်းဖွင့်ဖလားတွင် ကွာတားအဆင့်၊ အမှတ်ပေးပွဲတွင် တတိယ၊ ကွင်းပိတ်ဖလားတွင် ဆီမီးဖိုင်နယ်အဆင့်ဖြင့် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် ပထမတန်းအဆင့်၌ ကမ္ဘောဇစာရင်းပိတ်ခဲ့ပါသည်။

၂၀၀၃-၂၀၀၄ ခု ဘောလုံးရာသီတွင် ကမ္ဘောဇအသင်း အတန်းမတက်နိုင် ပထမတန်းပင် ပြန်နွှဲရပါသည်။ ထိုစဉ်က အမှတ်ပေးတွင် တတိယသာရ၍ဖြစ်ပါသည်။ လက်တစ်ကမ်းဖြင့် အတန်းတက်ခွင့်လွဲခဲ့ရပါသည်။ သတ္တုတွင်းနှင့် မလိခတို့ပထမ၊ဒုတိယရကြ၍ အဆင့်မြင့်တန်းတက်သွားပါသည်။

၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကမ္ဘောဇအသင်းသည် ကွင်းဖွင့်ဖလားလုပွဲ၌ ကွာတားဖိုင်နယ်အဆင့်မှာပင် အရှုံးနိမ့်ပါသည်။ အမှတ်ပေးပြိုင်ပွဲတွင် ဆက်လက်ပြိုင်ပွဲဝင်ခဲ့ကာ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းအသင်းကို ၂-၀ ဂိုး၊ စက်မှု(၁)အသင်းကို ၂-၁ ဂိုး၊ ငွေဇုန်အသင်းကို ၃-၁ ဂိုး၊ လယ်ယာထွက်ကုန်အသင်းကို ၁-၀ ဂိုး၊ ကြယ်ပွင့်လေးများအသင်းကို ၅-၃ ဂိုး၊ အားကစားဝန်ကြီးဌာနအသင်းကို ၃-၁ ဂိုး၊ တပ်မတော်ကြည်းတပ်(ခ)အသင်းကို ၂-၀ ဂိုး၊ ကကနအသင်းကို ၃-၀ ဂိုး၊ ရထားပို့ဆောင်ရေးအသင်းကို ၄-၀ ဂိုးတို့ဖြင့် နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် ၁-၁ ဂိုး၊ တပ်မတော်ရေနှင့် ၁-၁ ဂိုး၊ တပ်မတော်လေနှင့် ၂-၂ ဂိုး သရေကျခဲ့ပါသည်။ ပွဲစဉ်အပြီးအဖြေတွင် ကိုးပွဲနိုင်၊ သုံးပွဲသရေဖြင့် အမှတ်(၃၀)ရကာ လွတ်လွတ်ကျွတ်ကျွတ် ပထမတန်းချန်ပီယံဖြစ်ခဲ့ပါသည်။ ၂၀၀၄-၂၀၀၅ ခု ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရခဲ့သည်။

ကမ္ဘောဇဘောလုံးအသင်းသည် လက်ရှိအားဖြင့် မွေးမြူလေ့ကျင့်ပေးနေသောဘောလုံးသမားလူငယ် ၄၀ ကျော်ရှိသည့်အနက်ပထမတန်းပြိုင်ပွဲများတွင် ဘောလုံးသမား ၂၆ ဦးကို မှတ်ပုံတင်ပြီး ပြိုင်ပွဲဝင်လျက်ရှိပေသည်။ အသင်း၌ အလားအလာရှိသော လူငယ်များမွေးမြူလေ့ကျင့်ပေးနေသလို ထပ်မံလည်းအင်အားဖြည့်သွားရန် အစီအစဉ်များရှိနေသည်။ လက်ရှိကမ္ဘောဇအသင်းမှာ အသက်များငယ်ရွယ်ကြပြီး ပျမ်းမျှအသက်၁၉နှစ်နှင့်နှစ်လသာရှိသောအသင်းဖြစ်သည်။ အသက်အငယ်ဆုံးဘောလုံးသမားမှာ ယခုဆောင်းပါးရေးချိန်တွင် အသက် ၁၅ နှစ်နှင့် လေးလသာရှိသေးသူဖြစ်၏။ အများစုမှာ အသက် ၁၇ နှစ်ဝန်းကျင် လူငယ်အများစုဖြစ်ကြသည်။ အဆင့်မြင့်တန်းတက်ချိန်တွင် အသက်ငယ်သောအသင်းများ၌ ထိပ်ဆုံးမှပါဝင်မည်ဟု ယူဆရပေသည်။

ကမ္ဘောဇအသင်းအနေဖြင့် အဆင့်မြင့်တန်းပြိုင်ပွဲဝင်ချိန်တွင် အသင်း၏ ရည်မှန်းချက်မှာ ၂၀၀၄-၂၀၀၅ဘောလုံးရာသီ၌ နောင်တော်တံခွန်အသင်းကဲ့သို့ပင် အတန်းမဆင်းရရေးနှင့် အသင်းအား ခိုင်မာတောင့်တင်းသော အသင်းအဖြစ် တည်ဆောက်သွားနိုင်ရန် ကြိုးစားမည်ဟု အသင်းမှ တာဝန်ရှိသူတို့က ပြောပြခဲ့ကြပါသည်။ ။

မြန်မာအမျိုးသမီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ရက်တွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်စီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ကျင်မီတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာအမျိုးသမီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိသူများအား တိုင်းနှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အုံးကျင်နှင့် မြို့နယ်အမျိုးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျင်မီ**(ယာပုံ)**တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

စက်မှုဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ သာကေတစက်မှုဇုန်မှ လုပ်ငန်းရှင်များအား တွေ့ဆုံ

ရန်ကုန် မတ် ၁၀

သာကေတစက်မှုဇုန် တာဝန်ခံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ယနေ့ ညနေပိုင်းတွင် သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက် မြမာလာလမ်းရှိ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ ကျင်းပသော စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်၊ သာကေတ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်တင့်၊ စက်မှုဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံကအမှာစကားပြောကြားရာတွင် နိုင်ငံတော်က ချမှတ်တာဝန်ပေးထားသော မောင်မြန်မာစူပါဂျစ်ကား၊ (၁၀)တန်အထက် ကုန်တင်ယာဉ်၊ခရီးသည်တင်ဘတ်(စ်)ကား လူနာတင်ယာဉ်များအား ထုတ်လုပ်ရန်အတွက်ခွဲဝေတာဝန်ပေးခြင်း၊ ကားလေးထုတ်လုပ်ရာတွင် အရည်အသွေးမီ အဆင့်မြင့်မားစေရန်တို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တပ်မတော်နေ့ပြခန်း စီးပွား/ကူးသန်းပြကွက် ဒုတိယဝန်ကြီးစစ်ဆေး

ရန်ကုန် မတ် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် အလံပြဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုတင်ပြင်ဆင်ထားရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်းရှိ ပြည်ပပို့ကုန်ပြကွက်များ၊ ဆန်စက်နှင့် ဖွဲနုဆီစက် စက်ရုံပုံစံငယ်များ၊ ဝန်ကြီးဌာန လှုပ်ရှားမှုဓာတ်ပုံများ၊ ပြည်ပတင်ပို့နိုင်မှု ဂရပ်ပုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဧးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်) ရဲမှူးကြီးဝင်းခေါင်၊မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ချီတက်အလေးပြု

စစ်ရေးပြအခမ်းအနားတွင် ရဲချုပ်က ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက် တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ကျောင်းသား အမှတ်(၁၁၇)ဒုတိယရဲအုပ်လောင်းဗိုလ်အောင်၊ ဥပဒေထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၀၄) ဒုတိယရဲအုပ်လောင်း မျိုးမင်း၊ စစ်ပညာထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၁၀) ဒုတိယရဲအုပ်လောင်း ဇော်ဇော်ညွန့်နှင့် သေနတ်ပစ်ထူးချွန်ဆုရ ကျောင်းသား အမှတ်(၇၅) ဒုတိယရဲအုပ်လောင်း သန်းနိုင်တို့အား ဆုများချီးမြှင့်သည်။

ပြည်သူနှင့်တစ်သားတည်း

ထို့နောက် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးချစ်စိတ်ရှိသော၊ စွမ်းရည်ပြည့်ဝသော၊ ခေတ်မီသော အရာရှိများဖြစ်ရေး ကြိုးစားဖြည့်ဆည်းကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရေတိုရေရှည် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်၊ ပြည်သူနှင့် တစ်သားတည်းဖြစ်ရေးအတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုအလေးထားဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အထူးဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ဖော်ဆောင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို လုံခြုံရေးသတိဖြင့် စောင့်ကြပ်ထိန်းသိမ်းသွားကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အမြင်ငါးမြင်ဖြင့် သုံးသပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်သွားကြရန် မှာကြားသည်။

သင်တန်းသား ၂၀၂ဦး

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထားဝယ်အဒေဘီအမ်ကျောင်း အထိမ်းအမှတ်စာအုပ်ထုတ်မည်

ရန်ကုန် မတ် ၁၀

ထားဝယ် အဒေဘီအမ်ကျောင်း အထိမ်းအမှတ်စာအုပ် ထုတ်ဝေရန်အတွက် ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများက ဦးချိန်ဂွမ် ဖုန်း-၅၃၉၇၉၃၊ ဦးရဲမြင့် ဖုန်း-၀၉၅၀-၂၁၁၆၂၊ ဦးကျော်ဦး ဖုန်း-၂၅၃၂၄၆၊ ဦးကျော်မြင့် ဖုန်း-၂၈၇၆၀၆နှင့် ဦးအောင်မြင့် (တိုင်းပညာရေးမှူးရုံး၊ ထားဝယ်)ဖုန်း-၂၁၀၅၇တို့သို့ ဧပြီ၂၀ ရက် နောက်ဆုံးထား၍ စာမူများ ရေးသားပေးပို့နိုင်ကြောင်းသိရသည်။

(က-ပ)

ညှော်လမ်းညွှန် အခြေခံသင်တန်းဆင်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် ညှော်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် (၂၉) (၃၀) စာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို မတ် ၈ရက်တွင် အမှတ်(၄၀) ဗိုလ်ဆွန်ပက်လမ်း သင်တန်းကျောင်း၌ ကြေညာထားပြီး သင်တန်းဆင်းပွဲကို မတ် ၁၆ရက် နံနက် ၉ နာရီခွဲတွင် Panda Hotel ၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကူးသန်းရောင်းဝယ်ရေး သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၁၀

သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် အမှတ်စဉ် (၁/၂၀၀၄-၂၀၀၅) စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ရုံးလုပ်ငန်းသင်တန်းများကို ဧပြီရက်၌ ဖွင့်လှစ်မည်ဖြစ်ရာ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် အခြေခံပညာ အထက်တန်းသင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိထားပြီးသူများ လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့အတွက် (၁၂၃) နတ်မောက်လမ်း ဗဟန်းတွင်လည်းကောင်း၊ မန္တလေးမြို့အတွက် (၁၆၉) ၈၃-လမ်း စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက်အထက်လမ်းမကြီး၊ရွှေတောင်ရပ်တွင်လည်းကောင်း သက်ဆိုင်ရာကျောင်းအသီးသီး၌ စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ခန္တီးမြို့နယ်အတွင်း တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း ၃၃ဒသမ ၇ဧကကို ဖေဖော်ဝါရီ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ပူးပေါင်းအဖွဲ့က ဖျက်ဆီးစဉ်။ (သတင်းစဉ်)

ခန္တီးမြို့နယ်၌ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း ၃၃ ဒသမ ၇ဧက ရှာဖွေတွေ့ရှိဖျက်ဆီး

ရန်ကုန် မတ် ၁၀

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံ တပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ခန္တီးမြို့နယ် ပဒူးမှန်းနှင့် နန့်ပုတ်ချောင်းတစ်ဝိုက်၌ တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းခင်း ၃၃ ဒသမ ၇ဧကကို ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့သည်။

(သတင်းစဉ်)

ပရီမီယာလိဂ်ပွဲစဉ်(၂၈)
ဒုတိယအကျော့
ဘလက်ဘန်းနှင့် အာစင်နယ် ထိပ်တိုက်တွေ့ပြီ

အားကစားသတင်းထောက်

ပွဲစဉ်(၂၇)ကစားပြီးသည့်နောက် ပရီမီယာလိဂ်၏ အခြေအနေအချို့ အပြောင်းအလဲဖြစ်သွားသည်။ ထိပ်ဆုံးမှ အာစင်နယ်က ခပ်ငြိမ်ငြိမ်ကလေး ဦးဆောင်နေဆဲဖြစ်သည်။ သို့သော် လက်ရှိချန်ပီယံ မန်ယူသည် ပွဲစဉ်(၂၅)၌ ဘိုရီကို ရှုံးပြီးနောက်ပိုင်း အခြေအနေ ခပ်ပါးပါးယိုင်ကျလာသည်။ ထို့နောက် နှစ်ပွဲဆက်တိုက် သရေကျလိုက်သောကြောင့် မန်ယူသည် ချယ်လ်ဆီးနှင့် အမှတ်တူသွားသည်။ ဂိုးကွာခြားချက်ဖြင့် ချယ်လ်ဆီးအား ဒုတိယနေရာကို ထိုးပေးလိုက်ရသည်။

ထို့အပြင် အဆင့်(၉)မှ ဘာမင်ဂမ်သည်လည်း ပွဲစဉ်(၁၇)မှ လက်ကျန်ပွဲတစ်ပွဲကို အနိုင်ရလိုက်သော ကြောင့် စတုတ္ထလိုက်နေသော နယူးကာဆယ်နှင့် အမှတ်တူသွားသည်။ ဂိုးကွာဟချက်ကြောင့် အဆင့်(၅) ဖြစ်သွားသည်။

အခြားအသင်းတို့၏ အနေအထားမှာ နေမြဲအတိုင်းဖြစ်ကြသည်။

ပွဲစဉ်(၂၈)တွင် စိတ်ဝင်စားဖွယ်ကောင်းသော ပြိုင်ပွဲတစ်ပွဲမှာ အာစင်နယ်နှင့် ဘလက်ဘန်းတို့ပွဲစဉ် ဖြစ်သည်။ ယမန်နှစ်က ရှေ့မှဦးဆောင်ပြီး ချန်ပီယံဖြစ်ရန် အလားအလာရှိနေသော အာစင်နယ်ကို သရဖူ လက်လွတ်ဆုံးရှုံးသွားအောင် စတင်ဒုက္ခပေးသောအသင်းမှာ ဘလက်ဘန်းဖြစ်သည်။ အာစင်နယ်သည် မနှစ်က ဘလက်ဘန်းကို နှစ်ပွဲစလုံးရှုံးခဲ့သည်။ ယခုနှစ်၌ အာစင်နယ်သည် ပထမအကျော့၌ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားသည်။ သို့သော် ချန်ပီယံဖြစ်ဖို့ရန် သေချာသလောက်ရှိနေသော အာစင်နယ်ကို မနှစ်ကကဲ့သို့ပင် ဘလက်ဘန်းက ဒုက္ခမပေးနိုင်ဟု မည်သူမျှအတတ်မပြောနိုင်ချေ။ ထို့ကြောင့် ဘလက်ဘန်းသည် အာစင်နယ် အဖို့ ချန်ပီယံဖြစ်ရေး လမ်းကြောင်းတွင် အဟန့်အတားအသင်းတစ်သင်းဟုဆိုနိုင်သည်။ အာစင်နယ်အတွက် ဘလက်ဘန်းသည် အဟန့်အတားဟုတ်၊ မဟုတ်ကို လာမည့် စနေနေ့တွင် စောင့်မျှော်ကြည့်ရမည်ဖြစ်သည်။

မတ်လ ၁၃ ရက်
စနေနေ့
ဘလက်ဘန်း-အာစင်နယ်

အဆင့်(၁၅) ဘလက်ဘန်းနှင့် အဆင့်(၁)အာစင်နယ်တို့ ကစားကြမည်။ ရမှတ်များမှာ ဘလက်ဘန်း ၂၈ ၊ အာစင်နယ် ၆၇ ဖြစ်သည်။

စိန့်နှင့်ပွဲ၌ ဘလက်ဘန်း ကစားပုံသင့်သည်။ အချိတ်အဆက် မိမိဖြင့်အပြန်အလှန် ထိုးဖောက်ကစားခဲ့ သည်။ အာစင်နယ်က ချာလ်တန်နှင့်ပွဲတွင် စကတည်းက ခြေအသာဖြင့်ကစားနိုင်ခဲ့သည်။ နှစ်ဂိုးသွင်းပြီးမှ ကစားပုံကို အလျှော့အတင်း လုပ်ကစားသွားသည်။ ၎င်းခြေရည်အရဆိုလျှင် အာစင်နယ်က ဘလက်ဘန်းထက် ကောင်းနေဆဲဖြစ်သည်။

ဘလက်ဘန်းကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက အာစင်နယ်နိုင်ချေရှိသည်ဟု မှန်းကြသည်။ မှန်းသည့်အတိုင်း အာစင်နယ် တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲတွင်လည်း အာစင်နယ်ထပ်နိုင်ဖို့ရှိသည်။ ထို့အပြင် သရေ၊ အရှုံး၊ အနိုင်ကို အာစင်နယ်ကြိုက်သလို ကစားနိုင်သည်။ အကယ်၍ အာစင်နယ်က အနိုင်ကစားမည်ဆိုလျှင် ပွတ်ကာသီကာပင် ကစားဖွယ်ရှိသည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်ကြည့်လျှင် အာစင်နယ် (+၃၅)၊ ဘလက်ဘန်း (-၅)ဖြစ်သည်။ ပွဲစဉ်(၂၉)တွင် ဘလက်ဘန်းက ဗီလာနှင့် ကစားရမည်။ အာစင်နယ်က ဘော်လ်တန်နှင့် ကစား ရလိမ့်မည်။

စပါး(စ်)-နယူးကာဆယ်

အဆင့် (၁၀) စပါး(စ်)နှင့် အဆင့် (၄) နယူးကာဆယ်တို့ ကစားကြမည်။ ရမှတ်များမှာ စပါး(စ်) ၃၄ မှတ်၊ နယူးကာဆယ် ၄၂ မှတ် ဖြစ်သည်။

လက်စတာနှင့်ပွဲ၌ စပါး(စ်) လျင်လျင်မြန်မြန်ဖြင့် ထိုးဖောက်ကစားသွားသည်။ သို့သော် ကစားပုံ၊ ကစားကွက်မှာ သင့်ရုံလောက်ပဲရှိသည်။ နယူးကာဆယ်က ပို့စ်မောက်ကို အထက်စီးမှ ကစားသွားနိုင်သည်။ ပို့စ်မောက်ကို သရေကျသော်လည်း နယူးကာဆယ်ကစားပုံ ကောင်းသည်။ ၎င်းအနေအထားကြည့်လျှင် နယူးကာဆယ်က စပါး(စ်)ထက်ကောင်းနေသည်။ လက်ရှိမှာတော့ စပါး(စ်)ကလည်း ခြေတက်လာနေသည်။

စပါး(စ်)ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက ၎င်းပွဲကို သရေတွက်ကြသည်။ နယူးကာဆယ်က လေးဂိုး-ဂိုးမရှိ နိုင်သည်။ ယခုပွဲသရေဖြစ်ဖို့များသည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ စပါး(စ်) (-၃)၊ နယူးကာဆယ် (+၁၀) ဖြစ်သည်။ ပွဲစဉ် (၂၉)တွင် စပါး(စ်)က မန်ယူနှင့် ကစားရမည်။ နယူးကာဆယ်က ချာလ်တန်နှင့်ကစားရမည်။

ဘာမင်ဂမ်-လက်စတာ

အဆင့် (၅) ဘာမင်ဂမ်နှင့်အဆင့် (၁၉) လက်စတာ ကစားမည်။ ရမှတ်များမှာ ဘာမင်ဂမ် ၄၂ မှတ်၊ လက်စတာ ၂၃ မှတ် ဖြစ်သည်။

ဘော်လ်တန်နှင့်ပွဲ၌ ဘာမင်ဂမ်ကစားပုံကောင်းသည်။ နှစ်ဂိုးသွင်းပြီးနောက် ကစားအားကို လျှော့ပစ်လိုက်သည်။ လက်စတာကလည်း ဝုလ်ဖ်နှင့်ပွဲ၌ပုံမှန်ကစားသလိုမျိုး ကစားသွားသည်။ အားထည့်ကစားသည်ကို မတွေ့ရ။ ၎င်းအနေအထားကြည့်လျှင် ဘာမင်ဂမ်သာသည်။ ခြေလည်းတက်နေသည်။ လက်စတာက ပွဲစဉ် (၁၃) ကတည်းက တစ်ပွဲမှမနိုင်သေးဘဲဖြစ်နေသည်။ အရှုံးနှင့်သရေသာရှိသည်။

ဘာမင်ဂမ်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက လက်စတာနိုင်မည်ဟု တွက်ကြသည်။ ဘာမင်ဂမ်က နှစ်-တစ်ဖြင့် နိုင်သည်။ ယခုပွဲလည်း သရေသို့မဟုတ် အနိုင် ဘာမင်ဂမ်ထပ်ရနိုင်သည်။ အကယ်၍ ဘာမင်ဂမ်က အနိုင်ရလျှင် ဂိုးပြတ်ဖွယ်ရှိသည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ ဘာမင်ဂမ် (+၁)၊ လက်စတာ (-၁၅) ဖြစ်သည်။ ပွဲစဉ် (၂၉)တွင် ဘာမင်ဂမ်က မစ်ဒစ်ဘရောနှင့် ကစားရမည်။ လက်စတာက အဲဗာတန်နှင့် ကစားရလိမ့်မည်။

ချာလ်တန်-မစ်ဒယ်ဘရော

အဆင့်(၆)ချာလ်တန်နှင့် အဆင့်(၁၃)ဘိုရီတို့ ကစားကြမည်။ ရမှတ်များမှာ ချာလ်တန် ၄၀မှတ်၊ ဘိုရီ ၃၁မှတ်ရသည်။

အာစင်နယ်နှင့်ပွဲ၌ ချာလ်တန်အောက်မှ ကစားခဲ့ရသည်။ တစ်ချက်တစ်ချက်သာထိုးဖောက် ကစားနိုင်သည်။ သို့သော် ကစားပုံမှာသင့်သည်။ ကာလင်းဖလားပွဲဗိုလ်လုပွဲ၌ စထွက်ထွက်ချင်း ဘိုရီခြေကောင်းသည်။ နောက်ပိုင်းမှာ ကစားအားကျသွားသည်။ ၎င်းပွဲအနေအထားများကိုကြည့်လျှင် နှစ်သင်းခြေရည်မတိမ်းမယိမ်းရှိကြသည်။ ကြည့်ကောင်းသည့် ပွဲတစ်ပွဲဖြစ်ပါလိမ့်မည်။

ချာလ်တန်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက သရေကျမည်ဟုမှန်းကြသည်။ မှန်းသည့် အတိုင်းမှန်သည်။ ဂိုးမရှိသရေကျသည်။ ယခုပွဲကို သရေလောက်ပဲမှန်းထားသင့်သည်။ အကယ်၍ နိုင်မည်ဆိုလျှင် အိမ်ရှင်အားသာချက်ဖြင့် ချာလ်တန်နိုင်ချေရှိသည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ ချာလ်တန် (+၄)၊ မစ်ဒယ်ဘရော(-၂)ဖြစ်သည်။ ပွဲစဉ်(၂၉)တွင် ချာလ်တန်က နယူးကာဆယ်နှင့်ကစားမည်။ ဘိုရီက ဘာမင်ဂမ်နှင့်ကစားလိမ့်မည်။

ဖူလ်ဟမ်း-လိဒ်စ်

အဆင့်(၉)ဖူလ်ဟမ်းနှင့်အဆင့်(၂၀)လိဒ်စ်တို့ ကစားကြမည်။ ရမှတ်များမှာ ဖူလ်ဟမ်း(၃၆) မှတ်၊ လိဒ်စ်(၂၂) မှတ်ဖြစ်သည်။

မန်ယူနှင့်ပွဲတွင် ဖူလ်ဟမ်းပုံမှန်ခြေဖြင့် ကစားနိုင်ခဲ့သည်။ ကွင်းလယ်မှထိုးဖောက်ကစားချက် တစ်ချို့ကောင်းသည်။ လီဗာပူးနှင့်ပွဲ၌ လိဒ်စ်ကစားပုံကောင်းသည်။ တစ်ပွဲထက်တစ်ပွဲ ကောင်းလာသည်။ နှစ်သင်းခြေညီကြသည်။ သို့သော် ဖူလ်ဟမ်း ခြေမငြိမ်ဘဲဖြစ်နေသည်။ လိဒ်စ်ခြေက တဖြည်းဖြည်း တက်လာသည်။

ဖူလ်ဟမ်းကွင်းမှာ ကစားရမည်။ ပထမတုန်းက သရေမှန်းကြသည်။ သို့သော်လိဒ်စ်ကသုံးနှစ် ဖြင့်နိုင်သည်။ ယခုပွဲတွင် သရေ၊ အနိုင် ဖူလ်ဟမ်းရနိုင်သည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ ဖူလ်ဟမ်း(+၁)၊ လိဒ်စ်(-၂၇)ဖြစ်သည်။ ပွဲစဉ် (၂၉)တွင် ဖူလ်ဟမ်းက ချယ်လ်ဆီးနှင့် ကစားရမည်။ လိဒ်စ်ကမန်စီးတီးနှင့်ကစားရမည်။

အဲဗာတန်-ပို့စ်မောက်

အဆင့်(၁၄)အဲဗာတန်နှင့် အဆင့်(၁၇)ပို့စ်မောက် ကစားမည်။ ရမှတ်များမှာ အဲဗာတန် (၂၉) မှတ်၊ ပို့စ်မောက်(၂၄)မှတ်ဖြစ်သည်။

အက်စတွန်ဗီလာနှင့်ပွဲ၌ အဲဗာတန်ကစားပုံကောင်းသည်။ လျင်လျင်မြန်မြန် အချိတ်အဆက်မိမိဖြင့် ထိုးဖောက် ကစားသွားသည်။ နယူးကာဆယ်နှင့်ပွဲမှာ ပို့စ်မောက်ကစားပုံ ညံ့သည်။ ငါးပွဲ ဆက်တိုက်အနိုင်မရသေးဘဲဖြစ်နေသည်။ နောက်ဆုံးကစားသော ပွဲအနေထားကြည့်လျှင် အဲဗာတန်က ပို့စ်မောက်ထက် ကောင်းနေသည်။ ပင်ကိုခြေရည်ကို တွက်လျှင် ခြေရည်မတိမ်း မယိမ်းလောက်ရှိသည်။ ပို့စ်မောက် ကစားလျှင်ကစားသလောက်ကောင်းသည်။

အဲဗာတန်ကွင်းမှာကစားရမည်။ ပို့စ်မောက်ကိုနိုင်မည်ဟု ပထမပွဲမှာတွက်ကြသည်။ အဲဗာတန်က နှစ်-တစ်ဖြင့် နိုင်သည်။ အဝေးကွင်းတစ်ပွဲမှ မနိုင်သေးသည့် ပို့စ်မောက် ယခုပွဲတွင် ရှုံးနိုင်သည်။ သို့သော် သရေပွဲဖြစ်ဖို့များသည်။ သွင်းဂိုး၊ ပေးဂိုးကွာဟချက်မှာ အဲဗာတန်(-၆)၊ ပို့စ်မောက် (-၁၁) ဖြစ်သည်။ နောက်တစ်ချက်ကလည်း ပွဲစဉ် (၂၉)တွင် အဲဗာတန်က လက်စတာနှင့်ကစားရမည်။ ပို့စ်မောက်က ဆောက်သမ်တန်နှင့် ကစားရမည်။

ဘော်လ်တန်-ချယ်လ်ဆီး

အဆင့်(၁၁) ဘော်လ်တန်နှင့် အဆင့်(၂)ချယ်လ်ဆီးတို့ ကစားကြမည်။ ရမှတ်များမှာ ဘော်လ်တန် ၃၄ မှတ်၊ ချယ်လ်ဆီး ၅၈ မှတ် ဖြစ်သည်။

ဘာမင်ဂမ်နှင့်ပွဲ၌ ဘော်လ်တန်သင့်ရုံလောက်ပဲ ကောင်းသည်။ တစ်ဖက်ကစားအားကျသွားသော်လည်း ပိုင်ပိုင်နိုင်နိုင် ထိုးဖောက်မကစားနိုင်ဘဲရှိသည်။ အဝေးပေးစနစ်ဖြင့် ကစားသွားသည်။ ချန်ပီယံလိဂ်၌ ချယ်လ်ဆီးကစားပုံကောင်းသည်ကို တွေ့ရသည်။ စတုဂတ်ဘက် တစ်ဂိုးသွင်းပြီးနောက် ထိန်းကစားသွားပုံ ညက်သည်။ နောက်ဆုံး ကစားခဲ့သော ခြေရည်အရ နှစ်သင်းစလုံး သင့်ရုံလောက်ပဲကောင်းကြသည်။ မူလခြေရည်များ တွက်ကြည့်လျှင် ချယ်လ်ဆီးကပို၍ ကောင်းသည်။

ဘော်လ်တန်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက ချယ်လ်ဆီးနိုင်မည်ဟု သေချာပေါက် တွက်ကြသည်။ ဘော်လ်တန်ကို နှစ်-တစ်ဖြင့်ရှုံးသည်။ ယခုပွဲတွင် ချယ်လ်ဆီး ပြန်နိုင်ချေရှိသည်။ ဘော်လ်တန် အိမ်ကွင်းညံ့သည်။ ချယ်လ်ဆီးနိုင်လျှင် ကပ်နိုင်ရုံပဲရှိမည်။

ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ ဘော်လ်တန် (-၁၀)၊ ချယ်လ်ဆီး (၂၇) ဖြစ်သည်။ သို့သော် သရေမှန်းထားသင့်သည်။ ပွဲစဉ်(၂၉)မှာ ဘော်လ်တန်က အာစင်နယ်နှင့် ကစားရမည်။ ချယ်လ်ဆီးက ဖူလ်ဟမ်းနှင့် ကစားရလိမ့်မည်။

မတ်လ ၁၄ ရက်
တနင်္ဂနွေနေ့
မန်စီးတီး-မန်ယူ

အဆင့်(၁၆)မန်စီးတီးနှင့် အဆင့်(၃)မန်ယူတို့ ကစားကြမည်။ ရမှတ်များမှာ မန်စီးတီး ၂၇ မှတ်၊ မန်ယူ ၅၈ မှတ်ဖြစ်သည်။

ချယ်လ်ဆီးနှင့်ပွဲ၌ ဂိုးပေါက်ချော်နေသည်မှလွဲ၍ မန်စီးတီး ကစားပုံသင့်သည်။ အချိတ်အဆက်၊ နားလည်မှု၊ ကစားကွက် အချို့ကောင်းသည်။ မန်ယူက ဖူလ်ဟမ်းနှင့်ပွဲမှာ ပုံမှန်ခြေလောက်ဖြင့် ကစားပြသွားသည်။ ဂိုးရှေ့ရောက်လျှင် ပျက်ပျက်သွားသည်။ နောက်ဆုံးပွဲ အနေအထားနှင့် ယှဉ်ကြည့်လျှင် နှစ်သင်းခြေညီသည်။ သို့သော် ပကတိ ခြေရည်ယှဉ်လျှင် မန်ယူက မန်စီးတီးထက်သာသည်။ ကောင်းသည်။

မန်စီးတီးကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက မန်ယူ ကို အလေးပေးကြသည်။ မန်ယူက သုံး-တစ်ဖြင့် နိုင်ခဲ့သည်။ ယခုပွဲတွင်လည်း မန်ယူပဲ ထပ်နိုင်ဖို့ရှိသည်။ မန်စီးတီး အိမ်ကွင်း ညံ့လွန်းသည်။ ပွတ်ခါသီကာ အနိုင်ရနိုင်ဖွယ် ရှိသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ မန်စီးတီး(-၃)၊ မန်ယူ(+၂၆)ဖြစ်သည်။ ပွဲစဉ်(၂၉)မှာ မန်စီးတီးက လိဒ်စ်နှင့် ကစားရမည်။ မန်ယူက စပါး(စ်)နှင့် ကစားလိမ့်မည်။

ဝုလ်ဗာဟမ်တန်-ဗီလာ

အဆင့်(၁၈) ဝုလ်ဖ်နှင့် အဆင့်(၈) အက်စတွန်ဗီလာတို့ ကစားကြမည်။ ရမှတ်များမှာ ဝုလ်ဖ် (၂၄) မှတ်၊ ဗီလာ (၃၇)မှတ်ဖြစ်သည်။

လက်စတာနှင့်ပွဲ၌ ဝုလ်ဖ်ကစားပုံ သင့်ရုံပဲရှိသည်။ အဲဗာတန်နှင့်ကစားသော ဗီလာခြေရည်မှာ ညံ့သည်။ အဲဗာတန်ကို ဦးဆောင်ကစားနိုင်သော ခြေစွမ်းရှိသော်လည်း အောက်မှ လိုက်ကစားနေရသည်။ နောက်တန်း ဟာကွက်ကလည်းများသည်။ နှစ်သင်းကစားခဲ့သော နောက်ဆုံးခြေကြည့်လျှင် ခြေရည်ညီသည်။ သို့သော် အက်စတွန်ဗီလာ၏ ခြေရည်မှန်နှင့်တွက်ကြည့်လျှင် ဝုလ်ဖ်ထက် များစွာသာသည်။

ဝုလ်ဖ်ကွင်းမှာကစားရမည်။ ပထမပွဲတုန်းက ဗီလာကို အနိုင်တွက်ထားကြသည်။ တွက်သည့်အတိုင်း ဗီလာ သုံး-နှစ်ဖြင့်နိုင်သည်။ ၎င်းမှာ ပရိသတ်ကြိုက်သော ရလဒ် မဟုတ်ချေ။ ယခုပွဲကို သရေလောက်မှန်းမိသည်။ ဗီလာက အဝေးကွင်းညံ့တတ်သည်။ ပွဲစဉ် (၂၉)မှာ ဝုလ်ဖ်က လီဗာပူးနှင့် ကစားရမည်။ ဗီလာက ဘလက်ဘန်းနှင့် ကစားရလိမ့်မည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဝုလ်ဖ် (-၂၈) ဖြစ်သည်။ ဗီလာက ကွာဟချက်မရှိ။

ဆောက်သမ်တန်-လီဗာပူး

အဆင့်(၁၂) ဆောက်သမ်တန်နှင့် အဆင့်(၇) လီဗာပူး ကစားမည်။ ရမှတ်များမှာ စိန့်(၃၃)မှတ်၊ လီဗာပူး(၃၉)မှတ်ဖြစ်သည်။

ဘလက်ဘန်းနှင့်ပွဲတွင် စိန့်ပုံမှန်ခြေရည်ဖြင့် ကစားသွားသည်။ သင့်သည်ဟု ဆိုနိုင်သည်။ လီဗာပူးကလည်း လိဒ်စ်ပွဲမှာ အားထည့်ကစားခဲ့သည်။ အမှန်မှာ လီဗာပူး ဦးဆောင်ကစားသင့်သော်လည်း လိဒ်စ်နောက်မှာ တစ်ခါတစ်ရံ လိုက်ကစားနေရသည်။ ပွဲပြီးခါနီး လိဒ်စ်တိုက်စစ်များကို ပိတ်ဆို့ကစားပုံကောင်းသည်။ နှစ်သင်း ခြေရည်တူကြသည်။ အားထည့်ကစားကြလျှင် ပွဲကောင်းတစ်ပွဲ ဖြစ်နိုင်သည်။

စိန့်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက လီဗာပူးနိုင်မည်ဟု တွက်ကြသည်။ သို့သော် စိန့်က နှစ်-တစ်ဖြင့် နိုင်သွားသည်။ စိန့်က အိမ်ကွင်းမာသောကြောင့် လီဗာပူး အား ထည့်ကစားရမည်။ ယခုပွဲကို သရေနှင့် အနိုင်တစ်ခုခု လီဗာပူးရနိုင်သည်။ အကယ်၍ လီဗာပူးနိုင်လျှင် ကပ်နိုင်ဖို့ပဲရှိသည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ စိန့်က အပေါင်း အနုတ်မရှိ။ လီဗာပူးက (+၉) ဖြစ်သည်။ တစ်ဖန်ပွဲစဉ် (၂၉)ကြည့်လျှင် စိန့်က ပို့စ်မောက်နှင့် ကစားရမည်။ လီဗာပူးက ဝုလ်ဖ်နှင့် ကစားရမည်။

မရမ်းကုန်း အလက (၁)သို့ အလှူရှင် ဦးခင်မောင်ဒိုး-ဒေါ်ခင်အေးအေးခိုင်တို့၏သား မောင်ကျော်မျိုးမြင့်(ခ)ကူးကူး အတွက်ရည်စူး၍ သင်ကြားမှု၊ သင်ထောက်ကူပစ္စည်းများကို အလှူရှင်များက မတ် ၂ရက်၌ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မတ် ၇ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ် (၂၂) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၂-၂၀၀၃ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သချာထူးချွန် ဒုတိယဆုရ တတိယတန်းကျောင်းသူ မချစ်စုဟိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းမြင့်ဆုချီးမြှင့်စဉ်။ (က-ပ)

ဂုဏ်ပြုကျေးဇူးတင်လွှာ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၈-၃-၂၀၀၄ရက်နေ့တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပပြုလုပ်သည့် ပထမအကြိမ်အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေပေါင်း(၃၇၂၆၅၀၀၀ိ/-) နှင့် (၂၅၅၁၇၀၅၀ိ/-) တန်ဖိုးရှိပစ္စည်းများ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုး (၆၂၇၈၂၀၅၀ိ/-)ကို လှူဒါန်းခဲ့ကြသည့်အတွက် အောက်ဖော်ပြပါအလှူရှင်များအား အထူးကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်(၃၅၃၀၀၀) တန်ဖိုးရှိ အပ်ချုပ်စက် (၁၀)လုံး ၃၅၃၀၀၀ိ/-
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၀၀၀၀၀၀ိ/-
- မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန) ၁၀၀၀၀၀၀ိ/-
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၀၀၀၀၀၀ိ/-
- အမှတ်(၂) စက်မှုဝန်ကြီးဌာန ၅၀၀၀၀၀ိ/-
- စည်ပင်သာယာရေးဘဏ်လီမိတက်(နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန) ၅၀၀၀၀၀ိ/-
- မြကျောက်ဆရာတော်၊ ရန်ကင်းတောင်၊ မန္တလေးမြို့က ကျပ်သိန်း(၉၀)တန်ဖိုးရှိ မြကျောက်သဘာဝသောက်ရေသန့် (၅၀၀၀၀) ပုလင်း ၉၀၀၀၀၀၀ိ/-
- ကမ္ဘောဇဘဏ်လီမိတက် ၃၀၀၀၀၀၀ိ/-
- မြန်မာယူနီဗာဆယ်ဘဏ် ၅၀၀၀၀၀ိ/-
- မြန်မာ့စက်မှု၊လက်မှုဖွံ့ဖြိုးရေးဘဏ် ၁၀၀၀၀၀ိ/-
- အာရှမနေဘဏ် ၁၀၀၀၀၀ိ/-
- ဦးကျော်မြင့်(ဟိုးအင်ဝမ်း)ကုမ္ပဏီလီမိတက် ၃၈၉၅၀၀၀ိ/-
- ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်က (၅၄၀၀၀၀ိ/-)တန်ဖိုးရှိ ငါးပိသား (၁၃၅၀) ၅၄၀၀၀၀ိ/-
- အာရှကြီးပွားတိုးတက်ရေးနှင့်သွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီ ၁၂၀၀၀၀၀ိ/-
- United Myeik Co. Ltd. ၅၀၀၀၀၀ိ/-
- TT' International Co. Ltd. ၅၀၀၀၀၀ိ/-
- Ruby Consulting & Trading Co. Ltd. ၅၀၀၀၀၀ိ/-
- မင်းသိတာကုမ္ပဏီလီမိတက် ၃၀၀၀၀၀ိ/-
- 7 Marine Co. Ltd. ၃၀၀၀၀၀ိ/-
- Looking Forward Co. Ltd. ၃၀၀၀၀၀ိ/-
- သိင်္ဂီရွှေရည်ဓာတ်ပုံတိုက်၊ ရွှေတိဂုံဘုရားလမ်းနှင့်ယောမင်းကြီးလမ်းထောင့်၊ ဒဂုံမြို့နယ်။ ၃၀၀၀၀၀ိ/-
- ဘီတီဘီမွေးမြူရေးကုမ္ပဏီနှင့် တိုက်ဂါးဟတ်အင်ဒတ်စတီကုမ္ပဏီ ဦးသိုင်းဝင်း၊ ဦးမောင်မောင်၊ ဦးဝင်းနိုင်တို့က ကျပ်သိန်း(၂၀) တန်ဖိုးရှိ ပလတ်စတစ်ဓာတ်မီး(၈၂၀၀)လက်နှင့်ငါးမျိုးစုံ ၂၀၀၀၀၀၀ိ/-
- မြဝတီထရေးဒင်းလီမိတက်ကအလှူငွေ ၁၀၀၀၀၀၀ိ/-
- ဦးခင်စိုး(အဏ္ဏဝါလွမ်းကုမ္ပဏီ)က ငွေကျပ်(၁၀)သိန်းတန်ဖိုးရှိ ငါးပိသား(၁၅၀၀) ၁၀၀၀၀၀၀ိ/-
- ဦးသိန်းထွန်း(မြန်မာဂိုးဒင်းစတားကုမ္ပဏီလီမိတက်)က (၉၂၄၀၀၀ိ/-)တန်ဖိုးရှိ အချိုရည်မျိုးစုံနှင့်ငွေကျပ်(၂)သိန်း ၁၁၂၄၀၀၀ိ/-
- မြန်မာမာမီး Double Decker မှ (၃၃၆၀၀၀၀ိ/-) တန်ဖိုးရှိ ခေါက်ဆွဲခြောက်များ ၃၃၆၀၀၀၀ိ/-
- ဦးကျော်ကျော် + ဒေါ်မေလွင်ထွန်း (K-Y Kyaw Kyaw Trading Co., Ltd.) ၁၅၀၀၀၀၀ိ/-
- စိန်တံဆိပ်မိသားစုက(၁၃၀၀၀၀၀ိ/-)တန်ဖိုးရှိ ဆင်တုံးမန္တယ် အစာကြေဆေးဘူး(၆၀၀၀)နှင့် ဝေါရှိ (၁၀၀၀) ၁၃၀၀၀၀၀ိ/-
- ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါဒဏ်ကြေလိမ်းဆေး)က (၁၀၃၅၀၀၀ိ/-)တန်ဖိုးရှိ ဂရိတ်ဝေါဒဏ်ကြေလိမ်းဆေးမျိုးစုံ (၈၂၈၀)ဘူး ၁၀၃၅၀၀၀ိ/-
- သမားတော်ကြီး ဦးလှဌေး+ဆရာမဒေါ်တင်နွယ်ဦး၊ သားမောင်ကျော်ကျော်ဌေး၊ မှန်ချိုဆေးတိုက်က (၈၂၂၀၀၀ိ/-) တန်ဖိုးရှိ မှန်ချိုဆေးမျိုးစုံနှင့် ငွေကျပ်(၂)သိန်း ၁၀၂၂၀၀၀ိ/-
- ခနအောင်ကုမ္ပဏီလီမိတက် ၁၀၀၀၀၀၀ိ/-
- ဦးတီတိုး၊ ဥက္ကဋ္ဌ၊ မြန်မာမန်းရေထွက်ပစ္စည်းရောင်းဝယ်ရေး၊ ကုမ္ပဏီလီမိတက်က(၈၈၅၀၀၀ိ/-)တန်ဖိုးရှိ ငါးပိသား(၅၀၀) နှင့် ငါးခြောက်(၃၀၀)ပိဿာ ၈၈၅၀၀၀ိ/-
- ဦးအောင်မွန်+ဒေါ်လှလှမွန်(မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး) က (၈၄၀၀၀၀ိ/-) တန်ဖိုးရှိ ဆန်အိတ် (၁၀၀) ၈၄၀၀၀၀ိ/-
- ဒေါ်စန်းစန်းရီ၊စုပါဝမ်းကုမ္ပဏီလီမိတက်ကငွေကျပ်(၆၈၀၀၀၀ိ/-) တန်ဖိုးရှိ ကော်ဖီမစ်ထုပ်သေး (၁၇၀၀၀) ၆၈၀၀၀၀ိ/-
- အဏ္ဏဝါရေလုပ်ငန်းကငွေကျပ်(၆)သိန်းတန်ဖိုးရှိငါးပိသား(၁၅၀၀) ၆၀၀၀၀၀ိ/-
- မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (ရန်ကုန်တိုင်း) ၅၀၀၀၀၀ိ/-
- မန္တလေးမြို့၊ကျွဲဆည်ကန်ရပ်နေ ဦးလှမြင့် (မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)ဥက္ကဋ္ဌ၊ မြင့်မိသားစုကုမ္ပဏီလီမိတက် ဒေါ်ရီရီညွှန့် ဒုတိယဥက္ကဋ္ဌ၊ ကိုချိုမြင့်၊ ကိုကျော်ကျော်မြင့်(အုပ်ချုပ်မှုဒါရိုက်တာ မြင့်မိသားစုကုမ္ပဏီလီမိတက်) ၅၀၀၀၀၀ိ/-
- ဦးကျော်ဝင်း၊ ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက် ၅၀၀၀၀၀ိ/-
- ဦးအုန်းသော်၊ ဥက္ကဋ္ဌ၊ ပင်လယ်ကမ်းဝေးရေလုပ်ငန်းရှင်များ အသင်း(အလုံ) ၅၀၀၀၀၀ိ/-
- ဦးသူရသွင်(ဖိုးလပြည့်ကုမ္ပဏီ)က (၄၅၈၁၀၀ိ/-)တန်ဖိုးရှိ အချိုရည်မျိုးစုံ ၄၅၈၁၀၀ိ/-
- ဦးနေလင်းအောင်၊ နီလာရိုးမကုမ္ပဏီ ၅၀၀၀၀၀ိ/-
- ဦးအောင်ကိုဝင်း၊ နီလာရိုးမကုမ္ပဏီ ၄၀၀၀၀၀ိ/-
- ဦးတေဇ၊ ထူးထရေးဒင်းကုမ္ပဏီ ၅၀၀၀၀၀ိ/-
- ဦးကျော်ဝင်း၊ ရွှေသံလွင်ထရေးဒင်းကုမ္ပဏီ ၄၀၀၀၀၀ိ/-
- ဦးလှိုင်စိုး၊ ရတနာကျော်ကုမ္ပဏီလီမိတက် ၄၀၀၀၀၀ိ/-
- ဦးတင်ထွဋ်၊ Asia Link Co., Ltd. ၄၀၀၀၀၀ိ/-
- ဦးသန်းမြင့်၊ အေးရှားဝေါကုမ္ပဏီလီမိတက် ၆၀၀၀၀၀ိ/-
- ဦးအင်းယား First Top Co., Ltd. ၂၀၀၀၀၀ိ/-
- ဒေါက်တာကိုကိုကြီး Diamond Star Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးအောင်သန်း South Dagon Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးမင်းဟန် Golden Hawks Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးသိန်းဟန် Golden Horse Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးကြည်မျိုး Toe Tet Linn Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးစိုင်းဘညဏ် M. O. S Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးတင်မြင့် B. R. B Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးအောင်ဝင်း 7 Golden Lions Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးစိန်သန်း Shwe Thazin Co., Ltd. ၂၀၀၀၀၀ိ/-
- ဦးစိုးမြင့် City Mate Co., Ltd. ၂၀၀၀၀၀ိ/-
- ဒေါ်ရန်းကျင်ခင် Win Sein Co., Ltd. ၁၀၀၀၀၀ိ/-
- ဦးအောင်မြင့် Asia Japan Co., Ltd. ၁၀၀၀၀၀ိ/-
- ဦးဘိုမောင်ကြည်၊ အင်းပေါက်ဝကုမ္ပဏီ ၁၀၀၀၀၀ိ/-
- Daw Hnin Chwe (Asia Hling Kyaw Co., Ltd.) ၁၀၀၀၀၀ိ/-
- ဦးအောင်ကျော်မင်း၊ Great Fame Co., Ltd. ၁၀၀၀၀၀ိ/-
- ဦးအောင်ကျော်မိုး၊ Pyei Phyo Aung Co., Ltd. ၁၀၀၀၀၀ိ/-
- ဒေါ်ရီရီ၊ All State Co., Ltd. ၁၀၀၀၀၀ိ/-
- ဒေါ်ဥမ္မာမော်၊ ရတနာမြင့်မိုရ်ဦးကုမ္ပဏီလီမိတက် ၁၀၀၀၀၀ိ/-
- ဦးစိန်မောင်၊ မြန်မာ့စောင်းကုမ္ပဏီလီမိတက် ၁၀၀၀၀၀ိ/-
- ဦးထူးမြင့်၊ Progress Co., Ltd. ၁၀၀၀၀၀ိ/-
- ဒေါ်မြရီ၊ ပိုတန်စာကုမ္ပဏီလီမိတက် ၁၀၀၀၀၀ိ/-
- ဦးဝင်းကျော်စိန်၊ သုခဇုံကုမ္ပဏီလီမိတက် ၁၀၀၀၀၀ိ/-
- နှင်းဝန်ကုမ္ပဏီလီမိတက် ၁၀၀၀၀၀ိ/-
- ဦးခွန်မြင့်အောင်၊ စိန်ရွှေပွင့်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးအောင်ကြည်၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးဇော်ဝင်းနိုင်၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမျိုးဝင်းနိုင်၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးညွှန့်ဝင်း၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးစိုင်းရန်ပိုင်ဝင်း၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးဌေးအောင်၊ အာရှပရီစီးယာ့ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးဘိုနီ၊ အရှေ့ရှမ်းရိုးမကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးအောင်ဖြိုးမင်း၊ ဂရင်းဖလားဝါးကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးဇော်မင်း၊ မြန်မာအဖွိုင်ရာကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးတင်မောင်၊ ရှယ်ဖင်မလီကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဒေါ်သီရိမြင့်ဦး၊ မြန်မာရာဇာကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမြင့်အောင်၊ ဇမ္ဗူမဏ္ဍိုင်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးစိုးထွန်း၊ စိုးသီဟကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးတင်အောင်၊ ဒိုင်းမွန်းဒရက်ဂွန်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးစစ်ကျန်၊ ဂိုးဒင်းပွိုင့်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဒေါ်စိန်စိန်ရီ၊ အေးမြချမ်းသာကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဒေါ်ခင်မြဝေ၊ ထွန်းအောင်ကျော်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးခိုင်စိုးသာ၊ ဂျီအီးအို"၇၀"ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမောင်မောင်အောင်၊ စကိုင်းဂျက်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးရဲမင်းဆွေ၊ ဟောလ်မတ်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးကျော်ဝင်း၊ ဖင်မလီကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမောင်မောင်ဦး၊ မောင်မောင်ဦးကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဒေါ်စန်းဝင်းမေ၊ ညွှန့်သိင်္ဂါအောင်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမောင်မောင်၊ အီတာနတီကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဗိုလ်မှူးဌေးဝင်း၊ ယဉ်လှိုင်ဝင်းကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဗိုလ်မှူးကြီးလှမြင့်ကျော်၊ မြပုဏ္ဏမီကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဒေါ်ကေသီမင်း၊ မင်းတာရာကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးသန်းထွန်း (ပီအမ်စီကုမ္ပဏီ) ၁၀၀၀၀၀ိ/-
- ဒေါ်ယုယုခိုင်၊ ယုယုခိုင်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမြသန်း၊ ရွှေတောင်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးစိုးမြင့်၊ မြင်းနှစ်ကောင်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးမျိုးမင်းတင်ထွန်း၊ ကြယ်ငါးပွင့်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးအေးလှိုင်၊ ရွှေဥဒေါင်းကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးသူရ၊ ရွှေနှင့်ငွေကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးလင်းအောင် (မေဂျာခင်မောင်ရင်ကုမ္ပဏီ) ၁၀၀၀၀၀ိ/-
- ဦးဝင်းမြဟန်၊ ထိုးတက်ဝင်းကုမ္ပဏီ ၁၀၀၀၀၀ိ/-
- စုစန္ဒာကျော်၊ ပြည့်စုံညွှန့်ကုမ္ပဏီ ၁၀၀၀၀၀ိ/-
- ဦးစိုးစိုးလွင်၊ ဦးကျော်လွင်မျိုး၊ ဧရာဝတီအုပ်စု ၁၀၀၀၀၀ိ/-
- ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ၊ ထွန်းရွှေဝါဆေးတိုက်က (၃၆၀၀၀၀ိ/-)တန်ဖိုးရှိ ထွန်းရွှေဝါလိမ်းဆေးဘူး(၂၄၀၀) ၃၆၀၀၀၀ိ/-
- ဟာဂျီဦးမောင်မောင်ကြည်-မချို(ဂေါ်ပြား)စာအုပ်ချုပ်လုပ်ငန်း ၂၀၀၀၀၀ိ/-
- ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်၊ ဆန်းမြန်မာကုမ္ပဏီ ၃၀၀၀၀၀ိ/-
- မြန်မာဝိုင်နဒီကုမ္ပဏီ ၃၀၀၀၀၀ိ/-
- သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်၊ သီဟသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ၊ သမ္မတသက်န်းတိုက် ၂၀၀၀၀၀ိ/-
- ဟာဂျီဦးစိုးမြင့် (အုပ်ချုပ်မှုဒါရိုက်တာ၊ စတိန်းလက်စတီး) ၁၀၀၀၀၀ိ/-
- ဦးလှဝင်း၊ မုတ်ဆိတ်ဒဏ်ကြေလိမ်းဆေးလုပ်ငန်းက (၁၀၈၀၀၀ိ/-)တန်ဖိုးရှိ ဒဏ်ကြေလိမ်းဆေးပုလင်း(၈၆၄)လုံး ၁၀၈၀၀၀ိ/-
- ထက်လင်းဆေးတိုက်က ငွေကျပ်(၁)သိန်းနှင့် (၄၆၅၀ိ/-) တန်ဖိုးရှိဆေးမျိုးစုံ ၁၄၆၅၀ိ/-
- ဦးငြိမ်း-ဒေါ်အုန်းကြင် (အိုကေဆန်နှင့်ပဲဆီသန့်)ရောင်းဝယ်ရေး ဘုရင့်နောင် ၁၀၀၀၀၀ိ/-
- အဂ္ဂမဟာသီရိသုဓမ္မသီဂိဒေါ်ဆယ်(ငွေဆယ်ကုမ္ပဏီ) ၃၀၀၀၀၀ိ/-
- မြဝတီဘဏ်လီမိတက် ၁၀၀၀၀၀ိ/-
- မြန်မာဆေးဂဲလ်အင်တာနေရှင်နယ်လီမိတက် ၁၀၀၀၀၀ိ/-
- မြန်မာဒေဝူးအင်တာနေရှင်နယ်လီမိတက် ၁၀၀၀၀၀ိ/-
- Rothmans of Pall Mall Myanmar Pte.,Ltd ၃၀၀၀၀၀ိ/-
- မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် ၃၀၀၀၀၀ိ/-
- ဟာဂျီဦးမောင်မောင်ကြီး (မောင်မောင်ကြီးဆောက်လုပ်ရေး) ၂၀၀၀၀၀ိ/-
- မြန်မာပေါစကိုစတီးကုမ္ပဏီလီမိတက် ၃၀၀၀၀၀ိ/-
- MG Ruby Co.,Ltd. ၂၀၀၀၀၀ိ/-
- The First Automotive Co.,Ltd. ၁၀၀၀၀၀ိ/-
- ဟာဂျီဦးညီညီထွန်း(ချာချီးယားအကျိုးဆောင်လုပ်ငန်း) ၁၀၀၀၀၀ိ/-
- ဒါရိုက်တာဖွန်မောင်မောင် (တနင်္သာရီတိုင်းကုန်စည်ပစ္စည်းဈေးရောင်းပွဲတော်လုပ်ငန်း) ဆရာကြီးဦးအေးမောင် ဒေါ်ယဉ်ယဉ်မြင့်၊ အောင်တမန်ဆေးတိုက်မိသားစုက (၂၆၅၄၅၀ိ/-)တန်ဖိုးရှိ အောင်တမန်တိုင်းရင်းဆေးမျိုးစုံနှင့် ဘာသာရေးစာအုပ်များ ၂၆၅၄၅၀ိ/-
- ကိုမျိုးဝင်း (ပိုလိုဆေးတိုက်) ၁၀၀၀၀၀ိ/-
- မြန်မာနိုင်ငံမွေးမြူရေးနှင့်ရေလုပ်ငန်းအဖွဲ့ချုပ်(လွင်၊ကြက်ဥ၊ ဘဲဥနှင့်အစာရောင်းဝယ်ရေး)က (၁၅၀၀၀၀ိ/-)တန်ဖိုးရှိ ကြက်ဥ(၆၀၀၀)လုံး ၁၅၀၀၀၀ိ/-
- ဟာဂျီဦးခင်မောင်သန်း (လစန္ဒာပုံနှိပ်မင်နှင့်စက္ကူရောင်းဝယ်ရေးလုပ်ငန်း) ၁၀၀၀၀၀ိ/-
- ဦးလှစိန်-ဒေါ်အမာလေး၊သီရိချောင်းသာပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ် ၁၀၀၀၀၀ိ/-
- ဦးမောင်မောင်စိုး-ဒေါ်လှတင် မိသားစု ၁၀၀၀၀၀ိ/-
- ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အလယ်ဘလောက် လမ်းသာယာရေးကော်မတီအမှုဆောင်များ ၁၀၀၀၀၀ိ/-
- ဟာဂျီဦးမြင့်စိုး (ရွှိုင်ရယ်ကြွေပြားရောင်းဝယ်ရေး) ၁၀၀၀၀၀ိ/-
- ဦးတင်ဝင်း-ဒေါ်ခင်ကြည် (ဆန်းကိုကိုဘီစကစ်မိသားစု)က ငွေကျပ်(၁)သိန်းတန်ဖိုးရှိ ဘီစကစ်အထုပ်(၁၀၀၀)နှင့်ငွေကျပ် (၅)သောင်း ၁၅၀၀၀၀ိ/-
- ကိုသက်(သီရိမင်္ဂလာဈေး) ကုန်စိမ်းဒိုင်က (၉၂၀၀၀ိ/-)တန်ဖိုးရှိ ကုန်စိမ်းမျိုးစုံ ၉၂၀၀၀ိ/-
- ဟာဂျီဦးချိုဦး(အမ်စီအိုင် ကြွေပြား၊သဘော်ဆေးရောင်းဝယ်ရေး) ၁၀၀၀၀၀ိ/-
- ဇက်ဘီတီကုမ္ပဏီလီမိတက်၊ ဘုရင့်နောင်လမ်းမ၊ ထွန်စက် အရောင်းပြခန်း ၁၀၀၀၀၀ိ/-
- ဦးမူဆာ(အေမဒါ)နတ်မောက်ဆောက်လုပ်ရေး ၅၀၀၀၀ိ/-
- ဟာဂျီဦးခင်ရွှေ (စတီဝေါထရယ်ပယ်လိုင်းရင်းကုမ္ပဏီ) ၁၀၀၀၀၀ိ/-
- ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း) ၅၀၀၀၀ိ/-
- ဟာဂျီဦးတင်မောင်(အိမ်ဆောက်ပစ္စည်းနှင့်သံဆန်ခါထုတ်လုပ်ရေး) ၁၀၀၀၀၀ိ/-
- ဦးမြင့်အောင်-ဒေါက်တာဒေါ်တင်တင်အုန်း(ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့)က (၁၅၀၀၀၀ိ/-)တန်ဖိုးရှိ ကြေးပွတ်ဆေးဘူးကြီး(၅၀) ၁၅၀၀၀၀ိ/-
- ဟာဂျီဦးလှအောင်၊ မဟာဘောဂဝတီအင်တာနေရှယ်နယ် ၁၀၀၀၀၀ိ/-
- ဦးဝင်းဌေးမိသားစု၊ ရေထွက်ပစ္စည်းစားကုန်လုပ်ငန်း ၁၀၀၀၀၀ိ/-
- ဦးသန်းမောင်-ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး)၊ မေဓာဝီလမ်း၊ မြောက်ဥက္ကလာပက (၈၈၀၀၀ိ/-)တန်ဖိုးရှိ ဆန်(၁၁)အိတ် ၈၈၀၀၀ိ/-
- ဟာဂျီဦးမောင်မောင်၊ အောင်နိုင်သူသံထည်ပစ္စည်းရောင်းဝယ်ရေး ၁၀၀၀၀၀ိ/-
- ဦးတန်စိန်-ဒေါ်ကြင်ဌေးမိသားစု၊ လှိုင်မြို့နယ် ၃၀၀၀၀ိ/-
- မဟန်သီဦး၊ မွေးနေ့အတွက်အလှူငွေ ၂၀၀၀၀ိ/-
- ဟာဂျီဦးမင်းဟန်၊ဟန်ညီအစ်ကိုများဆန်စက်ပစ္စည်းရောင်းဝယ်ရေး ၅၀၀၀၀ိ/-
- ဟာဂျီဦးမြင့်မောင်နှင့်မိသားစု (ဖူဂျီပန်းချီဆေးလုပ်ငန်း) ၁၀၀၀၀၀ိ/-
- ဦးမြသိန်း(သား)ဦးရန်ရှင်း (ယူနိုက်တက်ဝင်းနားနေရှင်နယ်ကုမ္ပဏီ) ၃၀၀၀၀ိ/-
- မောင်အာကာမောင်မောင် ၁၀၀၀၀ိ/-
- ဟာဂျီဦးကျော်မြင့်-ဒေါ်လှခင် (အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး) ၃၀၀၀၀ိ/-
- ဟံသာဝတီဂေါက်ကွင်းနှင့်မြို့တော်ကလပ်အသင်းလီမိတက် ၅၀၀၀၀ိ/-
- ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊ သားမောင်ရန်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး၊ စက်မှုအပိုင်း(၅)လိုင်းသာယာ ၅၀၀၀၀ိ/-
- ဟာဂျီဦးထွန်းမြင့် (နယူးပါဝါစတိန်းလက်စတီး)လုပ်ငန်းက တပ်မတော်ဆေးရုံကြီးအတွက် (၃၆၀၀၀ိ/-)တန်ဖိုးရှိ တွန်းလှည်း(၃)စီး ၃၆၀၀၀ိ/-
- မွတ်စလင်ဗဟိုရန်ပုံငွေအဖွဲ့ ၅၀၀၀၀ိ/-

*** ဒေါက်တာမြင့်ဦး-ဒေါက်တာသီတာလင်းထွန်းမိသားစု၊ ဝါးတန်းစာအုပ်တိုက် ပိုင်ရှင်က ငွေကျပ် (၂၅၈၀၃၀ိ/-)တန်ဖိုးရှိ ဆေးပညာရပ် စာအုပ်ပေါင်း (၇၇၅)အုပ်နှင့် ဝေါရှိ(၅၀၀)ချပ်အား တပ်မတော်ဆေးတက္ကသိုလ်အတွက် သီးခြားလှူဒါန်းခဲ့ပါသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ။

ကျေးရွာချင်းဆက်လမ်းများဖွင့်လှစ်

ကလေး၀ ဖေဖော်ဝါရီ ၂၅

ကလေးဝမြို့နယ်အတွင်း ဆောင်ရွက်အကောင်အထည်ဖော် ပြီးစီးခဲ့သည့် ကျေးလက်ဖွံ့ဖြိုးရေး ဆည်နှင့် ကျေးရွာချင်းဆက်လမ်းများ ဖွင့်ပွဲကို ကျေးရွာအုပ်စုများတွင် ကျင်းပသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် လမ်းအရှည်မိုင် နှစ်မိုင်ရှိသော တွန်လော့်-ကျခတ္တော-ဘလက်သာ ကျေးရွာချင်းဆက် မြေသားလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် ဘလက်သာကျေးရွာဥက္ကဋ္ဌ ဦးချစ်စံတို့က လည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် လယ်မြေဧက ၇၀ ကို ရေပေးဝေနိုင်သည့် ကျေးလက်ဖွံ့ဖြိုးရေး ရှဂမ်းဆည်ကို မြို့နယ်ဥက္ကဋ္ဌနှင့် ရှဂမ်းကျေးရွာဥက္ကဋ္ဌ ဦးအဲမောင်တို့ကလည်းကောင်း၊ အရှည်သုံးမိုင်ရှိသော ခုံပြင်-ရှဂမ်း-နန်းပင်းကျေးရွာချင်းဆက်လမ်းကို မြို့နယ်ဥက္ကဋ္ဌနှင့် အင်ဒုတ်ကျေးရွာဥက္ကဋ္ဌ ဦးထိုက်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂၉ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၄၀)ရပ်ကွက်မှ ဝန်သိုလမ်း၊ ရန်ကြီးအောင်လမ်း၊ မာဃလမ်း၊ ပုလဲလမ်း၊ အာသာဝတီလမ်း၊ မြစ်ဝလမ်းများ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချောခင်းနိုင်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတိုးမြင့်၊ ဦးစိုးဝင်း၊ အလုပ်အမှုဆောင် ဦးသန်းစိုး၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးမင်းမင်းဦး၊ မြို့နယ်လမ်းတံတားအင်ဂျင်နီယာဦးမြင့်စိုး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် လမ်းဥက္ကဋ္ဌများ ပန္နက်တင်စိုက်ထူပေးကြစဉ်။

(က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းဖွင့်မည်

ခင်ဦး မတ် ၄

ခင်ဦးမြို့ အောင်သီရိရပ်ကွက် လောကမာရဇိန်ကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ မဂ္ဂရိပ်သာတွင် မိုးကုတ်မြို့ ဓမ္မရံသီကျောင်းတိုက်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တသုနန္ဒက မတ်လ ၂၃ ရက်မှ ဧပြီ ၁ ရက်အထိ ၁၀ ရက် တရားစခန်းအဖြစ် သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရားများကို ဟောကြားပြသတော်မူမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

လှိုင်သာယာမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၄၁)၏ ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာ နှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆု ပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၂၁ ရက်က ကျင်းပရာ ကျောင်း အုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝင်းက စတုတ္ထတန်းမှ ပထမ ဆုရ မောင်အောင်ကျော်သက်အား ဂုဏ်ပြု ဆုချီးမြှင့်စဉ်။

(က-ပ)

နွေစပါးစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရွှေဘို ဖေဖော်ဝါရီ ၂၁

ရွှေဘိုခရိုင်အတွင်း နွေစပါးအပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးသည့် တောင်သူများနှင့် လုပ်ငန်းဆွေးနွေးပွဲကို ရွှေဘိုမြို့နယ် "တဂဏန်း" ကျေးရွာ စိုက်ပျိုးရေးပညာပေးရှေ့တန်းစခန်း၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်လတ်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇော်ဝင်း၊ ခရိုင်ဆည်မြောင်း ဦးစီးမှူး ဦးဝင်းဆွေတို့က နွေစပါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ နွေစပါးစိုက်တောင်သူ ၃၅၀ ဦးတက်ရောက်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

ကွင်းဆင်းဆောင်ရွက်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်ညိုနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၂၇ ရက်က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

စိုက်ပျိုးစရိတ်ချေးငွေ ပြေကျေစွာ ကောက်ခံရရှိ

ရေဦး မတ် ၅

ရေဦးမြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ်ခွဲ၏ ၂၀၀၃ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးရေး စရိတ်ဘဏ်ချေးငွေ ကျပ်သိန်း ၆၅၀ ကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူပေါင်း ၅၈၈၇ ဦးအား ထုတ်ချေးခဲ့ရာ တောင်သူများ၏ တာဝန်သိစိတ်ဓာတ်ဖြင့် ပေးဆပ်မှု ကြောင့် ရာနှုန်းပြည့်ပြေကျေစွာ ကောက်ခံရရှိပြီး ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ



သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဖခင်အမည်မှန်

မြိတ်အထက(၁) ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်ဇာနည်ရဲ၏ ဖခင်အမည်မှန်မှာ ဦးယုလွင် [၆/မအရ(နိုင်)၀၆၀၄၇၉] ဖြစ်ပါကြောင်း။

ငပလီ၊ သကြံန်
(ပန်းသဇင်အဖွဲ့)

စား၊ တည်း၊ ငြိမ်း (၄)ညအိပ်၊ ဧပြီ ၁၂ရက်ညထွက်မည်။
၃၀၃၊ အနော်ရထာလမ်း၊
(ကုန်ဈေးတန်းလမ်းထိပ်)
Ph: 243760, 380527

အခန်းငှားမည်

၁၂ ဒ' x ၅၀'၊ (တ)လွှာ၊ ၅၆လမ်း၊ ပုဇွန်တောင်။
Ph: 281908,
Ph: 201341.

တိုက်ခန်းရောင်းမည်

၁၅၊ ရတနာလမ်း၊
ကျိုက္ကဆံ၊ ဗဟန်း
20' x 40' (မြေညီ)
(ကြွေပြားပါကေး Air Con)

မြေကွက်ရောင်းမည်

၈၇၇၊ ယောမင်းကြီးလမ်း
၄ရပ်ကွက်၊ ဒဂုံမြို့သစ်
(အရှေ့ပိုင်း) (Ph: 541133)
40' x 60' (ခြံခတ်ပြီး)

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးလှအေး-ဒေါ်ဖွားနုတို့၏သား

မောင်မောင်အေး

B.Sc(Chem:); FIRST MATE (F.G)

EASTWIND SHIPMANAGEMENT (SINGAPORE) နှင့်

ရန်ကုန်မြို့နေ ဦးအေးသိန်း-ဒေါ်လှသိန်းနုတို့၏သမီး

ဒေါက်တာအေးအေးခိုင်

M.B.,B.S; M.Med. Sc(Paed), MRCPCH

လက်ထောက်ကထိက၊ ကလေးကျန်းမာရေးပညာဌာန(ကလေးဆေးရုံကြီး)(ဆေး-၁)

တို့၏ ၁၇-၂-၂၀၀၄နေ့ Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသောသူများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်အေး-ဒေါက်တာအေးအေးခိုင်။

The Union of Myanmar
Forest Products Joint Venture Corporation Limited

Price Quotation No. (06/2003-2004)

F.P.J.V.C Ltd Quotation Sale will be held as follows.

Commodity	Quantity (about Tons)	Location
(a) Teak Logs	425	- South Dagon Depot - Hponedawtoe Depot (Mandalay)
(b) Teak Squares & Conversions	672	- South Dagon Depot - Hponedawtoe Depot (Mandalay) - Tharketa Timber Shop - Yankin Timber Shop.
(c) Hardwood Logs & Squares	877	- South Dagon Depot. - Hponedawtoe Depot(Mandalay).
Total	1974	

Closing Date : (18-3-2004)Thursday (12:00)Noon.

Please Contact F.P.J.V.C Ltd. No. 422-426, Corner of Botataung Pagoda Road and Strand Road for further details.

Tel: 202060, 202101(ext)-127

Tender Committee

ဆုကာ
ပထမအိပ်မက်ဟောင်းများ
A.K.M
Alternative
Double Link Band
Tape , CD

MEC
Computer Monitor

GMAT & TOEFL
Preparation Course
389, Bo Aung Kyaw St. Ph: 291358

MT&K Tourism Co.,Ltd

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **B.E (Mechanical)** ကျား (၃) ဦး

၂။ **A.G.T.I (Mechanical)** ကျား (၃) ဦး

(က) Hydraulic Pumps, စက်ပစ္စည်းများနှင့်ပတ်သက်သည့် စက်ပိုင်းဆိုင်ရာများကို နည်းလည်ကျွမ်းကျင်သူဖြစ်ရမည်။

(ခ) လုပ်ငန်းအတွေ့အကြုံများသူနှင့်စီမံအုပ်ချုပ်နိုင်သူကိုဦးစားပေးမည်။

(ဂ) အင်္ဂလိပ်စာ အရေး၊အပြော ကျွမ်းကျင်သူဖြစ်ရမည်။

၃။ **Mechanic** ကျား (၃) ဦး

အမှတ်စဉ်(၃)ရာထူးအတွက် အထက်ဖော်ပြပါ အရည်အချင်း(က)နှင့်(ခ)ပြည့်စုံသူအား ဦးစားပေးခန့်ထားမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

Myanmar Concrete Industries Ltd.

တိုက်အမှတ် (၁၀၇/၁၀၉)၊ အခန်းအမှတ်(၉၀၁/၉၀၂)၊
အနော်ရထာလမ်းနှင့်စဥ့်အိုးတန်းလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အောင်စကြာ(ကားငှားလုပ်ငန်း)

လချုပ်၊ နှစ်ချုပ်၊ ဘုရားဖူး မြို့တွင်း/ပြင်၊ ခရီးနီး/ဝေး နာရီပိုင်း ကားမျိုးစုံငှားသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

Ph: 249471, 09-99 24926

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/ ၉၄၀၈ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၁၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ ဓအိုနာ၊ အကျိတ်ဖြစ်သူများ

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

၁၄-၂-၂၀၀၄ရက်တွင် သီရိရတနာခန်းမ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Prosperous Freight Svcs. Ltd. နှင့် New World Printing Houseမှ ညီအစ်ကိုမောင်နှမများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေအပေါင်းအသင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဘိုမင်းနိုင် - မသဇင်အေး။

Five Star TV, Video & Audio

MENTOR'S EXECUTIVE BRIEFING SERIES
Teenage Leadership Development Course
Effective Presentation Skills Course
MENTOR

ဝန်ထမ်းအလိုရှိသည်
B.E (E.P/E.C), A.G.T.I (E.P/E.C)

ချိပ်ပိတ်တင်ဒါကြော်ငြာ
စွယ်တော်မြတ်စေတီတော် (ရန်ကုန်)ဂေါပကအဖွဲ့ရုံး

လုပ်ငန်းအမည်	- ဓာတ်ပုံရိုက်လုပ်ငန်း
တင်ဒါစသွင်းရမည့်ရက်	- ၁၂-၃-၂၀၀၄
တင်ဒါပိတ်ရက်	- ၂၂-၃-၂၀၀၄ (၁၀း၀၀)နာရီ
တင်ဒါပေးသွင်းရမည့်နေရာ	- စွယ်တော်မြတ်စေတီတော်(ရန်ကုန်)

တင်ဒါနှင့် ပတ်သက်သောပုံစံနှင့်စည်းကမ်းများကို ဤဂေါပကအဖွဲ့ရုံးတွင် လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၁-၆၅၀၄၈၄ နှင့် ၀၁-၆၆၄၄၉၈ တို့ကိုလည်းကောင်း ဆက်သွယ်စုံစမ်းပြီး တင်သွင်းနိုင်ပါသည်။

ဂေါပကအဖွဲ့။

ခရုသင်း (သာမင်မြို့)
LEUCODERMA

HIGH STAR POLYMER
HI-STAR
592084
706087, 642122, ext 241

Who Moved My Cheese?
Spencer Johnson
The Present
လက်ဆောင်မွန်

OD Tour
(Flight & Coach)
Mar 12.25.26.
Mar 12.26.
Mar 20.26.
Mar 12.25.26.
OD Style
No.52

ဒေါ်လှလှဝင်း (MHG/၁၂၀၈၁၀)နှင့် ဒေါ်လှလှဝင်းအပေါ် ဥပဒေနှင့်အညီ အကျိုးသက်ဆိုင်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရန်

သတိပေးကြေညာခြင်း

ဗမာ့သားကောင်းဆောက်လုပ်ရေးလုပ်ငန်းမှ အိမ်/မြေပိုင်ရှင်နှင့် နှစ်ဖက်သဘောတူ ကန်ထရိုက်စာချုပ်အရ ဆောက်လုပ်ခဲ့သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၄)၊ အောင်သစ္စာလမ်းထောင့်၊ (၂၀'x၄၀')ပေအကျယ်အဝန်းရှိ (၃)ထပ်တိုက်၏ ပထမထပ်အား ၂၈-၈-၂၀၀၃ရက်စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူ အိမ်ခန်းအရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်လှလှဝင်းက ဝယ်ယူရန် ယင်းစာချုပ်စည်းကမ်းချက်ရှိ အရောင်းတန်ဖိုးငွေများကို သတ်မှတ်သည့်အချိန်နှင့် သတ်မှတ်သည့်ငွေများအတိုင်း ဆက်လက်ပေးချေနိုင်ခြင်းမရှိဘဲ ပျက်ကွက်နေသည့်အပြင် ယင်းအရောင်းအဝယ်စာချုပ်တွင် ဖော်ပြပါ ဒေါ်လှလှဝင်း၏နေရာလိပ်စာဖြစ်သည့် အမှတ်(၁၀၃)၊ (၄)ထပ်၊ တိုက်(၆)၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းတွင် ဒေါ်လှလှဝင်းအား ရှာဖွေမတွေ့ရှိတော့ဘဲ မည်သည့်နေရပ်တွင် နေထိုင်နေသည်ကို မသိရတော့ပါသဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစပြီး (၇)ရက်အတွင်း ဒေါ်လှလှဝင်းကိုယ်တိုင်ဖြစ်စေ၊ ဒေါ်လှလှဝင်းအပေါ်ဥပဒေနှင့်အညီ အကျိုးသက်ဆိုင်သူဖြစ်စေ ဒေါ်လှလှဝင်းနှင့်ဗမာ့သားကောင်းဆောက်လုပ်ရေးတို့ ချုပ်ဆိုခဲ့ကြသော အရောင်းအဝယ်စာချုပ်ပါ စည်းကမ်းချက်အတိုင်း အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ဆက်လက်ဆောင်ရွက်ကြပါရန် သတိပေးကြေညာအပ်ပါသည်။

အကယ်၍ ဤသတိပေးကြေညာချက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့ကြခြင်းမရှိပါက ဒေါ်လှလှဝင်းပေးအပ်ထားသည့် စရန်ငွေများကို ယင်းအရောင်းအဝယ်စာချုပ်စည်းကမ်းချက်ပါအတိုင်း သတ်မှတ်ပြီး ယင်းတိုက်ခန်းကို အခြားတစ်ပါးသို့ လွှဲပြောင်းရောင်းချတော့မည်ဖြစ်ပါကြောင်း ထပ်လောင်းသတိပေးလိုက်ပါသည်။

ဗမာ့သားကောင်းဆောက်လုပ်ရေးမှတိုက်ခန်းရောင်းချသူများဖြစ်ကြသည့်

၁။ ဦးခင်မောင်ဇော်[၁၂/အလန(နိုင်)၀၁၃၈၈၆]
အမှတ်(၂၃)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်။

၂။ ဦးနေမင်းထွဋ်[၁၂/ဗတထ(နိုင်)၀၂၂၈၆၃]
အမှတ်(၂၁)၊ စက်တွင်းလမ်း၊ အလုံမြို့နယ်။

၃။ ဒေါ်ကျော့ကျော့ဆွေ(D/RGN-၀၁၂၃၈၉]
အမှတ်(၃၇)၊ နံ့သာလမ်း၊ အလုံမြို့နယ်တို့၏

လွှဲအပ်ခန့်ထားညွှန်ကြားချက်အရ-

ဦးသောင်းညွန့် (B.A,H.G.P, R.L)

တရားရုံးချုပ်ရှေ့နေ

အမှတ်(၁၃)၊ အင်လမ်း၊ ဆေးရိုးတန်း-ငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

သမီးဦးရတနာ မွေးဖွားခြင်း

ဦးသက်လွင်မွေ့(MD. Real Life Advertising) နှင့် ဒေါ်ဖင်မင်းအေး တို့၏သမီးဦးရတနာအား (၈ ၊ ၃ ၊ ၀၄) တနင်္လာနေ့တွင် မွေးဖွားပေးသော ဆရာဝန်ကြီးနှင့် ဆရာဝန်မှ ဆရာမများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သော မိုးမိုး ၊ ဖွားဖွား

- (ဆရာဝန်တင်မွေ့) ဒေါ်အေးသန်း
- ဦးတင်မောင်အေး + ဒေါ်ဆွေဆွေ
နှင့် ညီအစ်ကိုမောင်နှမများ



ဆာဒူးကြီး ကျားအားနည်း

ကြေညာချက်

တိုက်အမှတ်-၃၀၅/ ၃၁၁ (ပထမထပ်)၊ ယခင်အခန်းအမှတ်-၈၊ ယခု(၉) မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်တိုက်ခန်းနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်း၏ ပိုင်ရှင်များဖြစ်ကြသော (၁) ဦးဇင်သောင်း၊ (၂)ဝဏ္ဏကျော်ထင်ဦးစိန်ဝင်း၊ (၃) မစ္စတာရစ်ချက်တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းကို ကျွန်ုပ်၏အမှုသည်များက ပိုင်ဆိုင်ပြီး၊ ယခင်ကကုမ္ပဏီရုံးခန်းအဖြစ်အသုံးပြုခဲ့ပါသည်။ နောက်ပိုင်းတွင် အဆိုပါအခန်း၌ အေး၊ ရေမွှန်နှင့် ၎င်း၏ဇနီးမတင်လှတို့အား ၂၅-၃-၈၄ရက်စွဲပါ ကတိခံဝန်ချုပ်ဖြင့် အခမဲ့နေထိုင်ခွင့်ပေးထားပါသည်။ ယခုအခါ အဆိုပါအခန်းအပါအဝင် တိုက်တစ်ခုလုံးကိုဖြိုဖျက်၍ အသစ်ပြန်လည်ဆောက်လုပ်ရာ မူလအခန်းအမှတ်(၈)မှ ယခုအခန်းအမှတ်(၉)ဟု ပြောင်းလဲသွားခဲ့ပါသည်။ အဆိုပါအခန်းအမှတ်(၉)သည် ကျွန်ုပ်၏အမှုသည်များ ပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသော တိုက်ခန်းဖြစ်ပြီး သက်ဆိုင်ရာစည်ပင်သာယာသို့လည်း ၁-၁၂-၂၀၀၃ရက်စွဲပါ စာအမှတ်-၁၀၃၄၂ အရလည်း တင်ပြထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအခန်းနှင့်စပ်လျဉ်း၍ အေး၊ ရေမွှန်နှင့် ၎င်း၏ဇနီးဒေါ်တင်လှအပါအဝင် အခြားမည်သူတွင်မျှ တစ်နည်းနည်းလွှဲပြောင်းပေးပိုင်ခွင့်မရှိကြောင်းနှင့် အလွှဲအပြောင်းပြုလုပ်ခဲ့ပါက လွှဲပြောင်းပေးသူနှင့် လက်ခံသူတို့၏ တာဝန်သာဖြစ်လိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးကိုနီ [B.A(Law), LL.B]
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၈၄၇)
Laurel - ဥပဒေအတိုင်ပင်ခံလုပ်ငန်း
အမှတ်-၁၂၈၊ ၄၁လမ်း၊ ရန်ကုန်။
ဖုန်း-၂၄၅၇၈၄။

အပန်းလည်းပြေ
ဗဟုသုတလည်းရစေမည့်
မြဝတီ - မဲဆောက်
(ခရီးစဉ်များ)
(၃)ညအိပ် (၄)ရက်ခရီး
၂၆-၃-၂၀၀၄စထွက်မည်။
သင်္ကြန်
အထူး အစီအစဉ်ရှိသည်။
Golden Hope Int'l Ltd.
ဖုန်း-၂၀၂၃၇၇၊ ၇၀၃၂၂၀။

Honey Moon Car Rental

မြို့တွင်း / ပြင်၊ လချုပ် ကားမျိုးစုံငှားသည်။ Sunny, Publica ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း-၀၉-၅၀၁၈၈၆၇၊ ၂၄၀၈၃၂၊ ၂၈၇၁၂၉။

ရောင်းရန်

တိုယိုတာ ဖောကလစ်
(၄)တန် (ဒီဇယ်အင်ဂျင်)
ညီရှိုင်းဈေး
Super Electronic
၀၉-၈၀ ၃၁၈၉၈
ဖုန်း-၂၉၉၁၈၂၊ ၂၉၉၁၈၃။

ခိုဘာမင်ခွေး

သားဖောက်၍အောင်သော(၂)နှစ်ခွဲသား အထီး အနက်နှင့် အမ အညိုတစ်စုံကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းမည်။
(တစ်မိတည်းပေါက်မဟုတ်ပါ။)
အမှတ်-၈၆၀၊ ချောင်းသာလမ်း၊ (ဘုတ်ဆုံမရေတ်သီးမှုန့်အနီး)၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ဖုန်း-၅၉၁၂၃၉။

ကလေးငယ်များအတွက်နွေရာသီအထူးအစီအစဉ်
Internet For Kids
အသက် ၄ နှစ်မှ စတင်၍ လက်ခံသင်ကြားပေးပါသည်။
No. 112, Pyay Road, Mayangone Township,
Yangon. Phone: 668779, 668259, 650124

B မှ C ဗိုက်မှ သွေးဆေး + အထွေထွေရောဂါ

King Nova Education Center

- Computer, English, Chinese
- Course Multimedia System

E-mail : king-nova@yangon.net.mm

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

- ပုဇွန်တောင်၊ ညောင်တန်းအိမ်ရာ(၁၈'x၄၀')၊ ၅လွှာ ထောင့်ခန်း၊ အခန်းဖွဲ့ပြီး၊ အသင့်နေနိုင်၊ နေရာကောင်း။
- လှိုင်သာယာ၊ ဗိုမိုးနင်းလမ်း၊ ၁၃တိုက်နှင့် ၆၀'x၅၀'မြေ၊ ထောင့်ကွက်။
- မြောက်ဒဂုံ၊ ၄၈ယူ၁၀၊ ၆၀'x၈၀'မြေ၊ ထောင့်ကွက်။
- ဒဂုံအရှေ့၊ ရပ်ရှင်ရုံအနီး၊ တိုးချဲ့(၁၀)အထူးကွက် ၉၅'x၇၀'မြေ။

Ph: 01-681452,
09-99-21263.

နိုင်ငံတကာ အဆင့်မြင့် တရုတ်/ ချစ်တီး ဟင်းချက်နည်းသင်တန်း

အရင်းနည်းနည်း အမြတ်များများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်လိုသူ၊ ပြည်တွင်း၊ ပြည်ပ သင်္ဘောလိုင်းများတွင် စားဖိုမှူးလုပ်လိုသူများ၊ ဟင်းချက်ကောင်းအိမ်ရှင်မများနှင့် အမျိုးသမီးများအတွက် ကြက်၊ ဘဲကင်အပါအဝင် တရုတ်ဟင်းလျာစုံ၊ ချစ်တီးဟင်းလျာများအပြင် အချဉ်ရည် (Sauce)နှင့် မြန်မာ၊ တရုတ်မဆလာဖော်စပ်နည်းအမျိုးမျိုးကို အခမဲ့ (Free) သင်ကြားပေးမည်။

လက်ခံမည့် ကျား/မ (၁၀)ဦးအထိသာ

နေရာ - ဦးအေးကြိုင်၏ သင်တန်းခန်းမ
အမှတ်(၁၀၅)၊ ၅၂လမ်း(လယ်)လေးလွှာ၊ ပုဇွန်တောင်၊ ရန်ကုန်။

တစ်သက်မမေ့ကိုကာကိုလာအသားကင်အတွေ့

ကိုကာကိုလာ အသားကင်ဆိုင်

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်/မန္တလေး)
အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့်
အားကစားလေ့ကျင့်ရေးသင်တန်း
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် ဇွန်လမှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ ကျိုက္ကဆံကွင်း)နှင့်အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေးမြို့)တို့တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများကို တက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁–၆–၂၀၀၄)တွင် အခြေခံပညာအလယ်တန်းအတွက် အသက်(၁၅)နှစ်ထက်မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက်(၁၇)နှစ်ထက်မကြီးသူဖြစ်ရမည်။ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းတက်ရောက်လိုသူများအတွက် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီး သတ္တမတန်းမှဒသမတန်းအထိ ပညာသင်ကြားပေးမည်ဖြစ်ပါသည်။

(ဂ) အားကစားလေ့ကျင့်ရေး သင်တန်းအတွက် ပညာသင်ကြားရေးမပါ အားကစားလေ့ကျင့်ရေးသီးသန့်ဖြစ်ပြီး အလယ်တန်းပညာအဆင့်ရှိ၍ ၁–၆–၂၀၀၄တွင် အသက်(၁၆)နှစ်မှ (၂၀)နှစ်အတွင်းရှိသူ၊ အနည်းဆုံးအရပ်(၅ပေ၊ ၆လက်မ)နှင့်ကိုယ်အလေးချိန်(၁၁၀)ပေါင်ရှိသူ၊ အနည်းဆုံးသက်တန်းအလိုက် ပြည်နယ်၊ တိုင်းအဆင့်အထိ ကစားဖူးသူများဖြစ်ရမည်။ (အားကစားထူးချွန်လျှင် အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်)

၂။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ ကျိုက္ကဆံကွင်း)အတွက်

(က) လေ့ကျင့်ပေးမည့်အားကစားနည်းများ– ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ သိုင်း၊ ပိုက်ကျော်ခြင်း၊ အားကစားနည်း (၁၄)မျိုး (လက်ဝှေ့မှအပ ကျား၊ မ လျှောက်ထားနိုင်သည်)

(ခ) အကျုံးဝင်သော နေထိုင်ရာပြည်နယ်နှင့်တိုင်းများ – ကယား၊ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီ

မှတ်ချက်။ ။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် လေ့ကျင့်သင်ကြားပေးခြင်းမရှိသော မြားပစ်၊ ရေကူး၊ ကြက်တောင်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ သိုင်းအားကစားနည်း(၆)မျိုးအတွက် ပြည်နယ်/တိုင်းအားလုံးမှ လျှောက်ထားနိုင်ပါသည်။

၃။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွက်

(က) လေ့ကျင့်ပေးမည့်အားကစားနည်းများ – ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း အားကစားနည်း (၈)မျိုး (လက်ဝှေ့မှ အပ ကျား၊ မ လျှောက်ထားနိုင်သည်)

(ခ) အကျုံးဝင်သောနေထိုင်ရာပြည်နယ်နှင့်တိုင်းများ – ကချင်၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)

၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေး၊ အားကစားလေ့ကျင့်ရေး၊ ပြိုင်ပွဲ ဝင်ယှဉ်ပြိုင်ရေး၊ အပန်းဖြေမှုနှင့် လစဉ်ထောက်ပံ့ကြေးငွေများကို နိုင်ငံတော်မှ စီစဉ်ပေးမည်။

၅။ လျှောက်ထားသည့် အားကစားနည်းအလိုက် လိုအပ်သည့်အရပ်အမောင်းနှင့် ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်အချိုးအစား ကိုက်ညီသူများကို ဦးစားပေးရွေးချယ်မည်။

၆။ လျှောက်ထားသည့် အားကစားနည်းအလိုက် အားကစားအဆင့်နှင့် ကျွမ်းကျင်မှုကို စစ်ဆေးခံရမည့်အပြင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးချက်(၅)ရပ်[ကျား/မ မီတာ (၁၀၀)အပြေး၊ လက်ထောက်တွန်းတင်၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ ကျားမီတာ(၈၀၀) မမီတာ(၄၀၀)အပြေး]ကို လျှောက်ထားသူတိုင်း စစ်ဆေးခံယူပြီး သတ်မှတ်အဆင့်မီသူများသာ ရွေးချယ်ခြင်းခံကြရမည်။

၇။ သင်တန်းသည် ရေရှည်အစီအစဉ်ဖြစ်သဖြင့် ရွေးချယ်ခံရသူသည် သတ်မှတ်ကာလပြီးဆုံးသည်အထိ တစ်ဆက်တည်း တက်ရောက်နိုင်သူဖြစ်ရမည့်အပြင် သတ်မှတ်ကာလအတွင်း အားကစားအရည်အချင်းတိုးတက်မှုမရှိ၊ ကြိုးစားအားထုတ်မှုမရှိ၊ စည်းကမ်းလိုက်နာမှုမရှိလျှင် သင်တန်းမှရပ်စဲခြင်းခံရမည်။

၈။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင် ရယူနိုင်ပါသည်။

၉။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ မန္တလေး)များမှ ကျန်းမာရေးဆေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ အားကစားတိုးတက်မှု အဆင့်မမီခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့် ပြန်လည်စေလွှတ်ခြင်းခံရပြီးသူများ လျှောက်ထားရန်မလိုပါ။

၁၀။ လျှောက်လွှာနှင့်အတူ–

(က) **အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက်**

(ကက) ပညာအရည်အချင်းနှင့် အသက်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊ (အထောက်အထားမပြည့်စုံပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။)

(ခခ) အားကစားထူးချွန်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ ဦးစီးအရာရှိ၏ ထောက်ခံစာနှင့်အတူ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများအားဖြည့်စွက်၍ သက်ဆိုင်ရာပြည်နယ်၊တိုင်းအား/ကာဦးစီးဌာနရုံးများသို့ ၂၀၀၄ခုနှစ်၊ မတ်လ(၂၄)ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထားပေးပို့ရမည်။

(ခ) **အားကစားလေ့ကျင့်ရေးသင်တန်းအတွက်–**

(ကက) အသက်အတွက် မွေးစာရင်း/အိမ်ထောင်စုဇယား/နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အသက်အထောက်အထားများ ပြသနိုင်ရမည်။

(ခခ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ ထောက်ခံချက်ပါရှိရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တယ်လီဖုန်းအမှတ်(၅၅၄၇၂၁၊ ၅၅၄၂၃၂)နှင့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ရေဆိုးများသန့်စင်ရေးစက်ရုံတည်ဆောက်ရေးစီမံကိန်း
ရန်ပုံငွေထိန်းသိမ်းရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် မတ်လ ၁ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများသန့်စင်ရေးစက်ရုံတည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို လုပ်ငန်းခွင်အရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်–

(က) ဓာတ်ခွဲခန်းသုံးပစ္စည်းများ

(ခ) ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ

(ဂ) Electric Cable Wire များ

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၄–၃–၂၀၀၄ရက်နေ့ (၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ရုံးဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)နှင့် ၂၉၆၇၂၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရန်ပုံငွေထိန်းသိမ်းရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အင်းလျားရိပ်သာရှိ ပိုင်ရှင်အမည်ပေါက် ပေ၄၀ x ပေ၇၀ မြေပေါ်ရှိ ရုံးခန်းဖွင့်ရန် သင့်တော်သည့် နှစ်ထပ်တိုက်၊ အိပ်ခန်း(၄)ခန်း၊ ရေပူ၊ ရေအေးတပ်ဆင်ပြီး ရေချိုးခန်း (၃)ခန်း၊ Air Con (၄)လုံး၊ ပါဝါမီတာ(၁)လုံး၊ အိမ်သုံးမီတာ(၂)လုံး၊ ၁၁၀ဗို့နှင့် ၂၂၀ဗို့ လျှပ်စစ်ကြိုးလိုင်းသီးသန့်၊ ဖုန်း(၁)လုံး၊ ကား(၃)စီးဆံ့ ကားရုံ၊

၂။ လမ်းမတော်(၈)လမ်း၊ ၄လွှာ၊ ပေ ၁၂½x ပေ၅၀ တိုက်သစ်၊ ရေ၊ မီးစုံ၊

ဆက်သွယ်ရန်ဖုန်း – ၇၀၃၃၂၉၊ ၆၆၂၅၇၄။

အမည်ပြောင်းခြင်း

ဦးသိန်းထွန်း–ဒေါ်တင်မြတို့၏သား ကိုအောင်မိုးထွန်း[၁၄/ကကန(နိုင်)၀၀၀၁၂၃]အား ကိုအောင်မိုးဟိန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

ကိုအောင်မိုးဟိန်း။

အမြန်ရောင်းမည်

ယုဇနလမ်း(၄၀' X၆၀')
ဘုရင့်နောင်ပွဲရုံတန်း
ပါဝါမီတာ+ ဖုန်းပါ

ဆက်သွယ်ရန်–
၀၉ ၅၀၀ ၃၆၀၈။

ရောင်းမည်

ခြံနှင့် နှစ်ထပ်တိုက်
ပေ (၆၀ X ၁၀၀)
ပေါ်ရှိ 2RC၊4MBR၊
ပါကေးခင်း၊
ကွန်ကရစ်ခင်း၊ ဖုန်းပါ၊
ကြွေပြားကပ်။

ဖုန်း – ၆၆၁၁၀၉။

သတိပေးတားမြစ်ချက်

ကျွန်ုပ်၏အမှုသည် ဦးထိုက်အောင်[၁၂/သဃက(နိုင်)၀၄၇၁၄၃]၏ ညွှန်ကြားချက်အရ အောက်ပါသတိပေးတားမြစ်ချက်ပြုအပ်သည်မှာ–

ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးသိန်းတန်၊ ဒေါ်ကျင်တို့ပိုင်ဆိုင်ကျန်ရစ်သည့်–

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်(၉)ရပ်ကွက်၊ လမ်း(၄၀)(အလယ်) အမှတ်(၂၁၀)(မြေညီထပ်)တိုက်ခန်းနှင့်စိန်ရွှေရတနာများ၊ ငွေကျပ်သိန်း၃၀နှင့် တယ်လီဖုန်းအမှတ်–၂၈၂၃၂၃ တယ်လီဖုန်းတို့မှာ ကျွန်ုပ်၏အမှုသည်အပါအဝင် မောင်နှမ(၈)ဦးစလုံး၏ အမွေကျန်ရစ်ပစ္စည်းများဖြစ်ပါ၍ ထိုပစ္စည်းများအား မည်သူမျှလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းအလွှဲသုံးခြင်းများမပြုလုပ်ကြပါရန်သတိပေးတားမြစ်ချက်ပြုအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်မဋ္ဌူ(အယ်လ်အယ်လ်ဘီ)
စဉ် ၆၄၉၄
တရားရုံးချုပ်ရှေ့နေ
အမှတ်(၄၈)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။





အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၈၂ X၈၃လမ်းကြား၊ အိမ်အမှတ်(၂၁၅)နေ ဦးမြင့်ဆွေ[၁၂/ကတတ(နိုင်)၀၀၄၃၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၃၂၇–၃၆၇)တွင် ဦးချစ်သိန်း(ခ)ဦးဘာဘူ [S/OKA–၀၉၉၈၇၇] ဖွင့်လှစ်ထားရှိသော ယခင် (J & SON's) ယခု (B & SON's) TV ဂိမ်းမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းနှင့် မန္တလေးချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၈၂X၈၃လမ်းကြား၊ အမှတ်(၂၁၅)တွင် ဦးမြင့်ဆွေ ဖွင့်လှစ်ထားရှိသော (ကိုမြင့်ဆွေ + မဖြူဖြူ TV GAME မျိုးစုံနှင့် အပိုပစ္စည်းရောင်းဝယ်ရေး)လုပ်ငန်းတို့သည် တစ်ဦးနှင့် တစ်ဦး လုပ်ငန်းပိုင်ဆိုင်ရာ ဆက်နွှယ်ပတ်သက်မှု လုံးဝ(လုံးဝ)မရှိကြပါ။ တသီးတခြားစီ ထူထောင်ဖွင့်လှစ် ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်ကြီး B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေ(စဉ် – ၁၆၄၅)
အမှတ်(၂၁၇)၊ ၃၁လမ်း၊ ၈၂X၈၃လမ်းကြား၊ မန္တလေးမြို့။

ဝမ်းနည်းကြေကွဲခြင်း

၂၂–၂–၂၀၀၄နေ့တွင် မူဆယ်မြို့နေ ဒေါက်တာ စိုင်းအောင်ညွှန့် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစု
အထွေထွေရောဂါကုဆေးရုံ၊ ဗန်းမော်မြို့။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ကိုသော်တာမင်း(ခ)မင်းမင်း ၁၁–၂–၂၀၀၄နေ့ ကွယ်လွန်ခဲ့သည်မှာ တစ်လပြည့်ခဲ့ပါသည်။ သားလေးတွက် ဘုရား၊ ကျောင်း၊ သိမ်၊ ရွှေသက်န်း၊ ပလ္လင်၊ သံဃာ့ဆေးရုံ၊ ဘိုးဘွားရိပ်သာ လိုအပ်ခဲ့သော အလှူများကို ဒါနပြုလှူဒါန်းခဲ့ပါသည်။ သားလေးမြင့်သော မြတ်သော ဘုံဘဝမှ သာဓုခေါ်နိုင်၊ ကြားနိုင်ပါစေ အမျှပေးဝေပါသည်။ **ဖေကြီး၊ မေကြီး မိသားစု။**

အမွေပြတ်ကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ လင်းခိုင်(ခ)မောင်ငယ်[၁၂/ ဥကမ(နိုင်) ၁၉၁၀၅၆]သည် မိဘများအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သွားသဖြင့် ၁၆–၁–၂၀၀၄ ရက်နေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်ရေးနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းရွှေ AA. 062282
ဒေါ်စန်း AC. 021408

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း:–၂၄၅၆၂၀၊ ၂၄၅၆၄၂။**

ကျေးဇူးတင်ရှိခြင်း

၂၇–၂–၂၀၀၄ရက် နေ့တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းစန်းရီ အသက်(၅၇)နှစ်(သန်/ကန်ထရိုက်)နာမကျန်းဖြစ်စဉ် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့သော (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) (တွဲဖက်အတွင်းရေးမှူး)နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ရေဝေးသုသာန်မှ စည်ပင်ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသိန်းအောင်(ခ)လင်ဟွာအမ်း
အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၂၅)၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်နေ ဒေါ်ဟိုင်လင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးပြန့်မင်း၊ ဦးအောင်မင်း၊ ဒေါ်ညွန့်ရီ၊ ဒေါ်ယုယုခင်၊ ဦးစိန်မင်း၊ ဦးဝင်းဇော်၊ ဦးရန်မင်းတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးသိန်းအောင်သည် ၁၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ (သောကြာနေ့)တွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့်(Anna)
အသက်(၇၂)နှစ်
ကျောင်းဆရာမ(ငြိမ်း)
အထက(၃) ကြည့်မြင်တိုင်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (အေဝမ်းခြံ)၊ မြသီရိလမ်းသွယ်၊ အမှတ်(၁၄)နေ (ဦးတင်ဝိန်-ဒေါ်ညွန့်ညွန့်)တို့၏ သမီး၊ (ဦးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှု/လယ်ယာ)၏ဇနီး၊ ရဲမှူးဘုန်းကြွယ် (ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နွယ်နီသန်းထွန်း(အထက-၃၊ မရမ်းကုန်း)၊ ဦးဘုန်းမြင့်(2nd Officer)-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးဘိုဘို-ဒေါ်နှင်းနှင်းမြင့်၊ (ဦးအောင်ခိုင်)-ဒေါ်ညွန့်ရင်၊ ဒေါ်အေးအေးမွန်-ဦးကျော်မင်းသန်း(Chief Officer)၊ ဦးညီထွေး-ဒေါ်စောကလျာတို့၏ မိခင်၊ မြေး၁၀ယောက်တို့၏ အဘွားသည် ၉-၃-၂၀၀၄ (အင်္ဂါနေ့) နံနက် ၈:၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။
(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့်(Anna)
အသက်(၇၂)နှစ်
ကျောင်းဆရာမ(ငြိမ်း)
အထက(၃) ကြည့်မြင်တိုင်

ရန်ကုန်မြို့နေ ဦးတင်ဝိန်-ဒေါ်ညွန့်ညွန့်တို့၏ သမီး၊ ဒေါ်တင်တင်ဝေ-(ဦးတင်ဦး)တို့၏ညီမ၊ (ဦးတင်ရှိန်)-ဒေါ်မြမြခက်တို့၏ အစ်မ၊ မောင်သူရမြင့်(ပ/ဓာတု)၊ မသိမ့်သိမ့်ဝင်း(အဋ္ဌမတန်း၊ A-TTC)၊ ပြည့်ဖြိုးလင်း(စတုတ္ထတန်း၊ C-TTC)၊ မောင်ထိန်ဝင်းအောင်(ဆဋ္ဌမတန်း၊ F-TTC)၊ မသက်ထားနွယ်(C-TTC)၊ မနှင်းမိုးခိုင်(ဆဋ္ဌမတန်း၊F-TTC)၊ မထက်စုမြတ်နွယ်(ရင်ဝိုင်းမူကြို)၊ မောင်ကျော်မျိုးဇင်(တတိယတန်း၊ B-TTC)၊ မအိမြတ်နိုး(K.G B-TTC)၊ မထရီဇာတို့၏ဘွားမာမီသည် ၉-၃-၂၀၀၄ (အင်္ဂါနေ့) နံနက် ၈:၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေးတစ်စု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ညွန့် (၇၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးဘုန်းကြွယ်(ဝန်ကြီး၏ဦးစီးအရာရှိ)၏ မိခင်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဝန်ကြီးရုံး၊
ပြည်ထဲရေးဝန်ကြီးဌာန။

ဦးအေးလွင် (၆၅)နှစ်
လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
(တောင်ငူမြို့၊ ဆင်နှစ်ကောင်၊ ကျောက်မဲမြို့)

တောင်ငူမြို့နေ (ဦးရီစွတ်-ဟာဂျီမဒေါ်ခတီ)တို့၏ သား၊ ကျောက်မဲမြို့၊ ဆင်နှစ်ကောင်ဆေးလိပ်လုပ်ငန်း (ဦးရာမန်)-ဒေါ်ခမ်းမှတ်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ အမှတ်(၁၆/ဘီ-၄)နေ ဒေါ်စောဝင်း၏ ကျေးဇူးရှင် ခင်ပွန်း၊ ကိုရီကို-မနန်းစံဟွမ်(လင်းထက်အောင် ရတနာလုပ်ငန်း)၊ ကိုညီလတ်၊ ကိုမင်းမင်း၊ မအေမီလွင်၊ မောင်လူမင်းပိုင်(ခ) ဘိုဘိုတို့၏ ကျေးဇူးရှင်ဖခင်၊ ဦးအောင်တင်ဦး-ဒေါ်ခင်မြကြွယ်၊ ဦးဝင်းနောင်-ဒေါ်ကြည်ကြည်(မကွေး)တို့၏ညီ၊ ဦးဌေးနိုင်-ဒေါ်ညိုညိုထွန်း(မိုးကုတ်)၊ ဒေါက်တာဦးစိုးအောင်၊ ဦးဉာဏ်ဝင်း-ဒေါ်ခင်နှင်းသွယ်၊ ကိုအောင်ဇော်မင်း-မစန်းစန်းရီတို့၏ ကျေးဇူးရှင်အစ်ကို၊ မနန်းခမ်းမိုလျှမ်း၊ နန်းအေးငြိမ်းမေ၊ နန်းခိုင်ဇာသွယ်(အလ-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၀-၃-၂၀၀၄ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ဇဟိုရ်နမာဇ်အပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း (၆၄)နှစ်
(ဇုတ်သုတ်)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(ခ/၈)၊ ပိတောက်ရွှေဝါ(၂)လမ်း၊ (၆) ရပ်ကွက်နေ (ဦးအုန်းမောင်-ဒေါ်မြကြည်)တို့၏ သား၊ ဦးချစ်ဝင်း၏ အစ်ကို၊ (ဦးအောင်ညွန့်)-ဒေါ်သန်းမြင့်၏ ညီ၊ ဒေါ်မြင့်၏ ခင်ပွန်း၊ မမြင့်မြင့်ဝင်း-ဦးငွေရ၊ မလှလှမြင့်၊ မောင်ဝင်းမော်ဦး (မင်္ဂလာကုမ္ပဏီ)၊ မသင်းသင်းလှိုင် (တတိယနှစ်၊ ဓာတု၊ ဒဂုံအဝေးသင်တက္ကသိုလ်)၊ မောင်ထွန်းလင်းအောင်(ပ-နှစ်၊ မြန်မာစာ၊ မအူပင်တက္ကသိုလ်)၊ မောင်သန်းဇော်ဟိန်း (ဒသမတန်း၊ အထက-၂၊လှိုင်)တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်ဇင်စိမ်း(ခ) ကိုကျော်ကျော် (၄၇)နှစ်
(အိမ်မဲ-မြောင်းမြ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင်(လမ်းသစ်)လမ်း၊အမှတ်(၇၅)နေ (ဦးဟုတ်စိမ်း)-ဒေါ်မြင့်ကြည်တို့၏ သားကြီး၊ ဦးစိုးအောင်-ဒေါ်ယုယုစိမ်းတို့၏ ညီ/ မောင်၊ ကိုအောင်ဇင်စိမ်း၊ ကိုသန့်ဇင်စိမ်း၊ မလတ်လတ်စိမ်း၊ ကိုကံထူးမောင်-မမြတ်မြတ်စိမ်းတို့၏ အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ ဘကြီးသည် အကယ်ဒမီအထူးကုဆေးခန်း၌ ၉-၃-၂၀၀၄ရက် မွန်းလွဲ ၁:၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးသန်းဆွေ (၄၇)နှစ်
ဒု/လက်ထောက်အကောက်ခွန်မှူး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၈၁)၊ (ပ)ထပ်ခြေရင်းနေ ဦးဘစိန်-(ဒေါ်အုံးမြ)တို့၏ သား၊ (ဦးစံညွန့်-ဒေါ်ကြည်)တို့၏သားသမက်၊ မခင်စန်း၏ခင်ပွန်း၊ မောင်ထွန်းအောင်ကျော်၊ မောင်နိုင်ထွန်းတို့၏ဖခင်သည် ၁၀-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်အေး (၄၅)နှစ်
(ကျိုက္ကမီ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက်(၂)၊ အခန်း(၂၀၆)နေ ဦးချစ်လွင်(အငြိမ်းစား ကျောင်းအုပ်ကြီး)-ဒေါ်ကြိုင်တို့၏သမီး၊ ဦးဆန်းတင့်ဦး-ဒေါက်တာမိမိစိုးတို့၏ ညီမ၊ ဦးဆန်းလွင်ဦး-ဒေါ်နီနီအေးတို့၏ အစ်မ၊ ဦးဝင်းကျော်၏ ဇနီး၊ မောင်ဇင်လွင်လတ်၏ မိခင်သည် ၁၀-၃-၂၀၀၄ရက် နံနက် ၂:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဗိုလ်မှူးသောင်းညွန့်
(အငြိမ်းစား)
အသက်(၉၀)
(ခရမ်း)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ ခြံအမှတ်(၈)နေ (ဦးထွန်းလင်း-ဒေါ်ဆယ်ဒါ)တို့၏သား၊ (ဒေါ်ညွန့်၊ဒေါ်ဆင့်၊ဒေါ်အေးကျင်)တို့၏ မောင်၊ ခရမ်းမြို့နေ (ဦးကျော်အေး-ဒေါ်သိန်းလှ)၊ (ဦးထွန်းရီ)-ဒေါ်တင်ဥ၊ ရန်ကုန်မြို့၊ အမှတ်(၉၇)၊ ဦးရေခဲလမ်း၊ မရမ်းကုန်းနေ (ဦးတင်နွယ်)-ဒေါ်ခင်နွဲ့၊ ခရမ်းမြို့နေ ဦးထွန်းအောင်-ဒေါ်ခင်စန်းတို့၏ ဦးလေး၊ ကိုဇော်မင်း-မမာလာတို့၏ ဖခင်၊ မကြေးမုံခင်၏အဘိုးသည် ၁၀-၃-၂၀၀၄ရက် နံနက် ၆:၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျင်အောင်(ခ)ဦးကျင်းဗိုက်
အသက်(၆၇)နှစ်
(ဒိုက်ဦး)

ဒိုက်ဦးမြို့၊ မင်းလမ်း၊ (၁)ရပ်ကွက်နေ (ဦးရှမ်းမ-ဒေါ်ရွှေ)တို့၏ သားကြီး၊ (ဒေါ်နှင်းရီ၊ အထက၊ ဒိုက်ဦး)၏ခင်ပွန်း၊ အမေရိကန်နိုင်ငံ၊ အော်လန်းမြို့နေ (ဦးလွမ်းမောင်-ဒေါ်ကြည်)တို့၏ ညီ/မောင်၊ ဒိုက်ဦးမြို့နေ ဦးကျင်းစိန်-ဒေါ်ကြင်၊ဦးကျင်းဝမ်-ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ တောင်ငူမြို့နေ ဦးသက်ဦး-ဒေါ်သီတာ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ(၄)ရပ်ကွက်နေ ဗိုလ်ကြီးအောင်မိုး(ငြိမ်း၊ သန်မြန်သူမော်တော်ယာဉ်လိုင်းပေါင်းစုထိန်းသိမ်းရေးကော်မတီ ရုံးချုပ်)-ဒေါ်လင်းလင်းရှိန်၊ မိုးညှင်းမြို့နေ ဦးဝင်းဗိုလ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၀-၃-၂၀၀၄ရက် မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဒေါ်တင်မြင့် (၆၁)နှစ်
ကုန်သွယ်ရေး(၄)
စား/ဖျော်၊ ရှင်း(ငြိမ်း)

အင်းစိန်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ်(၂၃၄/ဆ)နေ ဦးလှထွန်း(တရားရုံးချုပ်ရှေ့နေ)၏ဇနီး၊ ဦးအောင်အောင်(Uniteam Marine)-ဒေါ်ခင်ဆွေမြင့်(ဇာခြည်)၊ ဦးအောင်သန်းထိုက်၊ ဦးဇေယျာဝင်း-ဒေါ်ခင်ဆွေဝင်း(ရတနာ)တို့၏မိခင်၊ မအေးချမ်းငြိမ်း၊ မောင်ထက်အောင်လှိုင်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ဒါယကာကြီး
ဦးဇော်တင့်(ကိုထူး)
အသက်(၅၉)နှစ်
Chief Engineer(F.G)
CDC-3606

၂၇-၂-၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်သွားသော ဦးဇော်တင့်(ကိုထူး)၏ ဈာပနကိစ္စအဝဝနှင့် ရက်လည်သည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံး၊ လိုက်ပါပို့ဆောင်ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ရပ်ဝေးမှ သတင်းမေးအားပေးကြသူများ၊ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးစန်းမြင့် (၄၈)နှစ်
AGTI (MP) B.Eco.

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၁၄-D)နေ (ဦးစိန်တင်)-ဒေါ်ကျင်လွမ်တို့၏ သားငယ်၊ ညောင်လေးပင်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅၂)နေ (ဦးသောင်း)-ဒေါ်လှခင်တို့၏ သားသမက်၊ ညောင်လေးပင်မြို့၊ ဗိုလ်ချုပ်လမ်းအမှတ်(၄၉)နေ ဒေါ်ယုယုကြည် (သံဆိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဝေယံမင်းဦး၊ မောင်ရာဇာမင်းဦးတို့၏ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်သည် ၉-၃-၂၀၀၄ရက် ည ၁၀နာရီတွင် ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ညောင်လေးပင်အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးရွှေဘော်အောင် (နတ်မြစ်)
အသက်(၉၇)နှစ်
(မောင်းတော)

မောင်းတောမြို့နယ်နေ (ဦးမောင်ထွန်း-ဒေါ်ကြိုင်စာဦး)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ အမှတ်(၁၉)၊ ရွှေနှင်းဆီလမ်းနေ ဦးစောအောင်-ဒေါ်စောနု၊ ဦးထွန်းစိုးအောင်-ဒေါ်ယိုင်စိန်သာ၊ ဦးရွှေသိန်း-ဒေါ်တင်နု၊ ဦးညွန့်သာ-ဒေါ်မကြီးတို့၏ဖခင်၊ မြေး၁၃ယောက်၊ မြစ်လေးယောက်တို့၏ အဘိုး၊ (ဒေါ်မြဝါ)၏ ခင်ပွန်း၊ ၉-၃-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင် (၇၈)နှစ်
(ခရမ်း၊ တောင်ငူ၊ ပဲခူး)

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်သက်နှင်း)တို့၏ သမီး၊ ခရမ်းမြို့၊ ကမ်းနားလမ်းနေ (သမာဓိမြို့ဝန်ဦးမြို့-ဒေါ်သန်းရှင်)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ တိုက်(၂၇)၊ အခန်း(၃)၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ခရမ်းမြို့၊ ကံကောင်းရွာ၊ သခ်ဝနနေ ဒေါ်အေးကြွယ်၊ ဒေါ်ခင်လှ၊ ဦးတင်ရွှေ၊ ဦးမြင့်ဆွေ၊ ပဲခူးမြို့သစ်နေ ဒေါ်ခင်သိန်းတို့၏အစ်မကြီးသည် ၉-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမောင်နှမများ။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ခင်ငြိမ်း (၆၉)နှစ်

ရန်ကုန်မြို့၊ ဖဆလရပ်ကွက်၊ တိုက်(၁၆)၊ အခန်း(၁၆)နေ (ဦးရွှေတုတ်-ဒေါ်ခင်သိန်း)တို့၏ သမီး၊ ပဲခူးတိုင်း၊ ပြည်ခရိုင်၊ တရုတ်မှော်မြို့နယ်နေ (ဦးကောင်းဘော်-ဒေါ်ထား)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၅၁)၊ (၃၂)လမ်းနေ ဦးကာစိ[အဘိဓမ္မာသင်တန်းပြဆရာကြီး၊ အဘိဓမ္မာပြန့်ပွားရေးအသင်း(ဆူးလေ)]၏ ဇနီး၊ ဦးဝင်းကြိုင်(အကောက်ခွန်မှူး)-ဒေါ်မိုးသီတာစီ၊ (ဦးဖေသင်စီ)-ဒေါ်မြမြသွယ်(A.A Medical Co., Ltd)၊ မယဉ်မင်းသိုက်စီ (M.Sc. Yr II Engineering Physics, Y.U)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မခင်ယမုံသန့်(ပထမတန်း-ဂ၊ အလက-၁၊ ဒဂုံ)၏ အဘွားသည် ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်ဦး (၄၈)နှစ်
Chief Officer
MV Timber Star
Skyline Ship Management

ရန်ကုန်မြို့နေ ဦးထွေးမြင့်-(ဒေါ်ခင်မခင်)၏သားကြီး၊ (ဗိုလ်မှူးကြီးစံလွင်)-ဒေါ်လှလှ၏ သားသမက်၊ အမှတ်(၁၄၆)၊ သီရိမင်္ဂလာလမ်း၊ ရှစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဝါဝါလွင်၏ခင်ပွန်း၊ မမေဝိုင်းဖြူနှင့် မမေပွင့်ဖြူတို့၏ဖခင်၊ ဦးဝင်းမြင့်-ဒေါ်မိုမို၊ Dr.မေကျော့နိုင်၊ ဒေါ်မေချိုအေး၊ ဦးမိုးဦး-ဒေါ်လှလှဦး၊ ဦးမိုးလတ်ထွေး(MTMShipmanagement)-ဒေါ်စန်းစန်းဌေးတို့၏ အစ်ကိုကြီးသည် ၁၀-၃-၂၀၀၄ ဒေသ စံတော်ချိန် နံနက် ၁၁:၄၅နာရီတွင် JAPAN နိုင်ငံ KOKURA မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည် (၄၈)နှစ်
ကျောက်ဖြူမြို့နယ်အသင်း၊ရာသက်ပန်

ကျောက်ဖြူမြို့နေ (ဦးအေးထွန်းအောင်)-ဒေါ်မလေးတို့၏ သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃၈)၊မဟာသုခလမ်းနေ ဒေါ်မြတ်စော၏ ခင်ပွန်း၊ သာကေတ၊ အောင်သပြေ(၁၂)လမ်းနေ ဒေါ်အေးကြည်၏ မောင်၊ မခင်ထွေးကြည်၏အစ်ကို ဦးထွန်းကြည်သည် ၉-၃-၂၀၀၄(အင်္ဂါနေ့) ည ၁၁:၄၅နာရီတွင် YMC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။
[နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီနှင့် ကျောက်ဖြူအသင်းကားများ မွန်းလွဲ ၁နာရီတွင် (၄၃)လမ်းထိပ်မှ ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင် (၇၈)နှစ်
(ခရမ်း၊ တောင်ငူ၊ ပဲခူး)

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်သက်နှင်း)တို့၏ သမီး၊ ခရမ်းမြို့၊ ကမ်းနားလမ်း၊ (သမာဓိမြို့ဝန်ဦးမြို့-ဒေါ်သန်းရှင်)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ တိုက်(၂၇)၊ အခန်း(၃)၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ ဇနီး၊ (ဒုတိယဗိုလ်မှူးကြီးသန်းညွန့်၊ ငြိမ်း)-ဒေါ်မြမြဆွေ၊ ဦးတင်လှိုင်(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်သန်းသန်းလွင်၊ ဦးဇော်မိုး-ဒေါ်သီ၊ ဗိုလ်မှူးအုန်းဆွေ(ငြိမ်း၊ ဒုတိယအထွေထွေမန်နေဂျာ မွေး/ရေဘဏ်၊ သံတွဲ)-နော်နီလာချစ်၊ ဒေါ်ပုလဲတင်(ပဲခူးတိုင်းသမဦးစီး)၊ ဦးထွန်းထွန်းဦး-ဒေါ်နီလာတင်(အထက-၂၊ ခရမ်း)၊ ဗိုလ်မှူးထွန်းအေး(ယာယီတပ်ရင်းမှူး)-ဗိုလ်ကြီးဥမ္မာတင်(တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)၊ မတင်တင်အောင်(ပဲခူးတိုင်းသမဦးစီး)တို့၏ မိခင်၊ မြေး ၂၄ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၉-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မုဒုံအသင်း(ရန်ကုန်)
ဒေါ်တင်တင်ညွန့် (၇၂)နှစ်
ရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မြသီတာလမ်းသွယ်၊ အမှတ်(၁၄)နေ (ဦးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်၊စက်မှု/လယ်ယာ)၏ဇနီး၊ ဒေါ်တင်တင်ညွန့်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသဖြင့် အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။
အမှုဆောင်အဖွဲ့၊
မုဒုံအသင်း(ရန်ကုန်)။

ဒေါ်ရီရီမြင့် (၅၁)နှစ်
(B.E Chem)
အလုပ်ရုံမှူး၊ကျော်စွာဓာတ်မြေသြဇာစက်ရုံ

ပြည်မြို့၊ စစ်ကဲလမ်း၊ (၆၀၂)နေ (ဦးဆောင်း-ဒေါ်လျှံဝှား)တို့၏ သမီး၊ ထီးလင်းမြို့နေ (ဦးခင်မောင်တိုး)-ဒေါ်စိန်စိန်တို့၏ သမီးချွေးမ၊ (ဦးတင်သိန်း)-ဒေါ်သန်းသန်းဌေး၊ ဦးခဲမိန်-ဒေါ်ကျင်ကြည်၊ ဦးကျင်ဆွေ-ဒေါ်ကြည်ကြည်မြင့်တို့၏ ညီမ၊ ဦးမြင့်သိန်း-ဒေါ်သန်းသန်းအေး၊ ဦးတင်လေး-ဒေါ်ခင်ဝင်းကြည်၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးဖိုးပြူ-ဒေါ်ဌေးဌေးမြင့်တို့၏ အစ်မ၊ တူ၊ တူမ ၂၃ယောက်တို့၏ အဒေါ်၊ ဦးအောင်မြင့်ဦး(အလုပ်ရုံခွဲမှူး၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံ)၏ဇနီးသည် ၁၀-၃-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်သန်း
အသက်(၅၀)
(စား/ဖျော်၊ ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့၊ အမှတ်(၁၀)၊ အခန်း(၂)၊ခရေမြိုင်လမ်း၊ စုပေါင်းအိမ်ရာနေ (ဗိုလ်မှူးပန်းသီး၊ ငြိမ်း-ဒေါ်မြင့်မြင့်)တို့၏သား၊ (ဦးတင်အုန်း-ဒေါ်မမကြီး)တို့၏ သားသမက်၊ ဒေါ်သီတာမြင့်၏ ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်ခင်ရဲမြင့်၏ ညီ၊ ဦးဝင်းမြင့်၏ အစ်ကို၊ မစုသဥ္စာအောင်၊ မစုသန္တာအောင်၊ မောင်ဇင်ဘိုဘိုအောင်တို့၏ဖခင်သည် ၈-၃-၂၀၀၄ရက် နံနက် ၀၀:၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အိမ်မဲမြို့နယ်အသင်း
ဦးကျော်ဇင်စိမ်း(ခ) ဦးကျော်ကျော် (၄၇)နှစ်

အိမ်မဲမြို့နယ်အသင်း နာယက (ဦးဟုတ်စိမ်း) - ဒေါ်မြင့်ကြည်၏ သားကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ (မော်တင်)၊ အမှတ်(၇၅)နေ ဦးကျော်ဇင်စိမ်း(ခ) ဦးကျော်ကျော်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အိမ်မဲမြို့နယ်သူ/သားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)
အမှုဆောင်အဖွဲ့။

ရဟန်းအမကြီး
ဒေါ်မြကြည် (၈၆)နှစ်
(တရော်တမံကြီး)

တရော်တမံကြီးကျေးရွာနေ (ဦးဘိုးမြစ်-ဒေါ်မြစ်)တို့၏ သမီး၊ (ဦးသန်းမောင်)၏ဇနီး၊ (ဦးသိန်း)-ဒေါ်တင်ကြည်၏ ညီမ၊ (ဦးသောင်းရွှေ-ဒေါ်မြသီ)၏ အစ်မ၊ ဦးမြမောင်-(ဒေါ်ကြော့ခင်)၊ ဦးသိန်းချစ်-ဒေါ်စိန်မြင့်၊ ဦးစောလွင်၊ ဦးထွန်းမြင့်-(ဒေါ်တင်ဝင်း)တို့၏ မွေးသမိခင်၊ မြေး ၁၇ယောက်၊မြစ်၂၀ယောက်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက်တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [အမှတ်(၂၈၆)၊ မိဂသီ(၂၂)လမ်း၊ (၁၂)ရပ်ကွက်၊ တ/ဥနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လထော်နန်ဂရောင်
အသက်(၇၄)နှစ်
အလယ်တန်းပြဆရာမ(ငြိမ်း)
အထက(၁) ဇန်းမော်မြို့

ဇန်းမော်မြို့၊ အင်ဘာပါရွာနေ (ဆရာကြီးဦးဒူဝါလထော်ဇော်ဆိုင်း-ဒေါ်ဒမောင်ရွယ်)တို့၏ သမီးကြီး၊ (ဦးမခါနော်-ဒေါ်လဖိုင်ကော့)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၁၆)၊ အခန်း(၃)နေ ဦးမခါကမ်ထွဲ(စိန်လုံတောင်တန်းဝန်ထောက်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မြစ်ကြီးနားမြို့နေ ဦးလထော်ဂွမ်ဂျာ-ဒေါ်လဖိုင်နန်ကွယ်၊ ရန်ကုန်မြို့နေ ဒေါ်လထော်နန်လုံ-(ဦးကျော်ဝင်း)၊ မြစ်ကြီးနားမြို့နေ ဒေါ်လထော်နန်တောမ် - (ဦးဘုန်းအောင်နော်)တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါ်ခေါန်ရာ (ဒု-ညွှန်/မှူး၊ ဆည်မြောင်းရုံးချုပ်)-ဦးလဘန်ရှိန်ရစ်(လ/ထထွေဂျာ၊ မြန်မာ့မီးရထား၊ စွမ်းအားပြည့်ကော်မတီ)၊ ဒေါ်ဘောက်နူး၊ ဒေါ်ရွယ်တောင်-Mr. Yuji Kinoshita၊ ဦးနူးလာ-ဒေါ်အဲလစ်ဇဘက်ရှန်လွမ်(a)NuNu၊ ဗိုလ်ကြီးထုဆန်(သမက၊မင်္ဂလာဒုံ)၊ ဦးနော်တောင်-ဒေါ်ထုဆိုင်း၊ ဦးလဒိန်-ဒေါ်မရန်ဂျာဆိုင်းတို့၏ ချစ်လှစွာသော မိခင်၊ မောင်လဘန်ဘရန်မိုင်(TTC၊ ရန်ကင်း)၊ မဆိုင်းဆန့်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၃-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁:၄၅နာရီတွင် တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၁၀နာရီ ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်တွင် ဝတ်ပြုကိုးကွယ်ပြီးဂူသွင်းသဂြိုဟ်ပါမည်။(ရွှေပြည်အေးလမ်း၊ စမ်းချောင်း၊ ကချင်နှစ်ခြင်းအသင်းတော်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းကြည် (၄၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃၈)၊ မဟာသုခလမ်းနေ အလုပ်အမှုဆောင် ဒေါ်မြတ်စော၏ ခင်ပွန်း ဦးထွန်းကြည်(ရာသက်ပန်အသင်းဝင်)သည် ၉-၃-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ [(၄၃)လမ်းထိပ်မှ အသင်းကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။] အလုပ်အမှုဆောင်အဖွဲ့။

(ယာယီတပ်ခွဲမှူး ဗိုလ်မှူး)
ဗိုလ်ကြီးခင်မောင်ထွန်း
တေ၉-၂၁
အသက်(၃၂)နှစ်

ပဲခူးမြို့၊ အမှတ်(၁၁)သကြားစက်နေ ဦးထွန်းချို(ဌာနမှူး၊ ထွေ/စီ)-ဒေါ်ခင်လှတို့၏ သားကြီး၊ ရန်ကုန်မြို့၊ တိုက်(၁)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးအုန်းဖေ(ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်လှရီ(ကုန်သွယ်ရေး၊ ငြိမ်း)တို့၏ သားသမက်၊ ဒေါ်ခင်သီတာစန်း (အလပြ၊ အထက၊ လောပိတ၊ လွိုင်ကော်မြို့နယ်)၏ ချစ်လှစွာသော ခင်ပွန်း၊ မသက်ယမင်း(ပထမတန်း၊ အမက-၁၂၊ တာမွေ)၏ ချစ်လှစွာသောဖခင်သည် ၆-၃-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဘုရားကျောင်း၊ရဟန်း၊သိမ်ဒါယကာကြီး
နိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မွေ့ကထိက
ဆရာကြီးဦးခိုင်(၇၃)နှစ်
(ဆကာကြီး)

ဧရာဝတီတိုင်း၊ ဆကာကြီးမြို့နေ (ဦးရွှေ-ဒေါ်စိန်)တို့၏ သားကြီး၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၄)လမ်း၊ အမှတ်(၅၃၂)နေ (ဒေါ်ရီ)၏ ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်မြမြဝင်း၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းဌေး၊ ဦးကျော်ဇော(ဖျာပုံ၊ ရေနံ)-ဒေါ်အေးအေးသန်း(ကျန်းဦးစီး၊ ငြိမ်း)၊ ဒေါ်ဌေးဌေးဆွေ၊ ဦးအောင်မြင့်-ဒေါ်အေးအေးစန်း၊ ဒေါ်မြင့်မြင့်ကြူ(နည်းပြ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ဖခင်၊ မောင်ချစ်ထူးခိုင်၊ မဇွန်ပွင့်ခိုင်၊ မောင်အာကာကျော်ဇော၊ မဖူးသဥ္စာခိုင်၊ မမေသူကျော်ဇောတို့၏အဘိုးသည် ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (၆၇)နှစ်
မူလတန်းကျောင်းအုပ်(အငြိမ်းစား)
အမက
ချောင်းတွင်းမြောက်ပိုင်း(ဖျာပုံ)
(ကျိုက်လတ်-ကျုံကလွတ်)

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၇)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်(၆၈၆)နေ (ဦးထွန်းဖေ-ဒေါ်သိန်း)တို့၏သားလတ်၊ (ဦးဘမောင်-ဒေါ်မို)တို့၏သားသမက်၊(ဦးဆွေတင်-ဒေါ်တင်မြ)၊ (ဒေါ်ခင်ကြည်)တို့၏ ညီ/မောင်၊ (ဦးလှမြင့်)-ဒေါ်ညွန့်တင်၊ ဦးအောင်ကြည်ထွန်း-ဒေါ်ကြည်ညွန့်၊ ဦးသိန်းလွင်-(ဒေါ်နွဲ့)၊ ဦးကိုလေး-ဒေါ်တင်သန်း၊ဦးကြည်ထွေး-ဒေါ်ဝင်းနု(ဝန်ထမ်းရေးရာဦးစီးဌာန)တို့၏ အစ်ကို၊ ကိုတင်သိန်း-မမြင့်မြင့်ဝင်း၊မသီသီဝင်း၊ ကိုသက်နိုင်ဝင်း-မမော်မော်၊ မောင်အောင်မျိုးဝင်း၊ မောင်ဝင်းနိုင် - မကြည်ဟန်ဝင်း၊ တကက/စရဇော်မိုးဝင်း(ကာကွယ်ရေးဝန်ကြီးဌာန)တို့၏ မွေးသဖခင်၊ ဒေါ်စန်းမြင့်၏ ခင်ပွန်းသည် ၈-၃-၂၀၀၄ (တနင်္လာနေ့) ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းသန်း (၅၅)နှစ်
(အလုံ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၁၀၃)နေ (ဦးလှတင်-ဒေါ်ငြိမ်း)တို့၏သား၊ (ဦးလှမောင်-ဒေါ်သိန်းကျင်)တို့၏ သားသမက်၊ (ဒေါ်အမာကြည်)၏ ခင်ပွန်း၊ (ဦးထွန်းသိန်း)၏ ညီ၊ ဦးလှထွန်း-ဒေါ်အေးအေးမြင့်(မြို့/အိုး)၊ ဦးကျော်စိန်ထွန်း-ဒေါ်ဝေတို့၏အစ်ကို၊ မဝင်းဥမ္မာသန်း-မောင်ဆန်းဝင်း၊ မောင်သိန်းစိုး၊ မောင်အောင်ချိုထွန်းတို့၏ ဖခင်၊ မအင်ကြင်းခင်၏အဘိုးသည် ၉-၃-၂၀၀၄ (အင်္ဂါနေ့) ညနေ ၅:၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာမာအေး (၃၅)နှစ်

မကွေးမြို့၊ အမှတ်(၁)ရဲစခန်းနေ ဦးမြသောင်း-ဒေါ်ခင်မြတို့၏ သမီး၊ ရန်ကုန်စည်ပင်ဈေးများဌာနစည်ပင်လိုင်း၊ လိုင်း(၉)၊ အခန်း(၂)၊ အင်းစိန်ရွာမအနောက်၊ ရန်ကုန်မြို့နေ ရန်ကုန်စည်ပင်သာယာ ဈေးများဌာန ဦးသန်းထွဋ်(ဒု-တာဝန်ခံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ ဇနီး၊ တပ်ကြပ်ကြီးခင်မောင်စိုး၏ ညီမ၊ ရဲအုပ်မျိုးမြင့်လွင်၊ မစမ်းစမ်းအေး-မောင်မျိုး၊ မသင်းသင်းအေး၊ မောင်မြင့်စန်းထွေးတို့၏အစ်မ၊ မောင်ပိုင်ကိုကိုဦး၊ မောင်ဖြိုးကိုကိုဦး၊ မမိုးသဲဇံ၊ မဖူးပွင့်ဇံတို့၏ မိခင်သည် ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင်သွားရောက် ခြောက်လမ်းသွား လမ်းမကြီးဖောက်လုပ်မှု စစ်ဆေး ဆည်ရေသောက်နွေစပါး အောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှု

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကျောက်တန်းမြို့နယ် ညောင်ဝိုင်းစိုက်ပျိုးရေးပညာပေးစခန်းရှိ ဘန့်ဘွေးကုန်းဆည်ရေသောက်နွေစပါး ပန်းတိုင်အထွက်နှုန်းအထူးဇုန်ကေ ၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ကြေးမုံသတင်းစာတွင် အထူးကဏ္ဍများ ဖော်ပြမည်

၂၀၀၄ ခုနှစ် မတ်လ ၂၇ရက်နေ့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပါသည်။

တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများအတွင်းမှ သန္ဓေတည်ပေါက်ဖွားလာခဲ့ပြီး လွတ်လပ်ရေးရရှိရန်အတွက် ပြည်သူတို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သည်။ တစ်ဖန် ရရှိပြီးဖြစ်သည့် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ သက်စွန့်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြောင်း အတိတ်သမိုင်းက ထင်ရှားစွာသက်သေပြခဲ့ပြီးဖြစ်သည်။ ထို့အတူ ယနေ့ကာလတွင်လည်း တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်တို့အပြင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်နှင့် ပြည်သူ့အကျိုးစီးပွား သယ်ပိုးသည့်လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

သမိုင်းအစဉ်အလာကြီးမားပြီး ခေတ်အဆက်ဆက် ပြည်သူတို့ဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သော တပ်မတော်၏ စွမ်းဆောင်ရည်များကို ဖော်ကျူးဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတွင် မတ်လ ၁၂ ရက်မှ စတင်၍ နိုင်ငံတော်အကြီးအကဲ၏ တပ်မတော်ဆိုင်ရာ အဆိုအမိန့်ကောက်နုတ်ချက်များ၊ တပ်မတော်နေ့ဂုဏ်ပြုခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(ကြေးမုံ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဂီတနန္ဒဝန် ဂီတပွဲတော်ကြီး ကျင်းပမည်

ရန်ကုန် မတ် ၁၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ ဦးစီး၍ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မတ်၂၀ရက်နှင့် ၂၁ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးတွင် ဂီတလုလင်မောင်ကိုကို၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားစိန်သောင်း၊စန္ဒရားမောင်ရည်နွယ်၊ စန္ဒရားနီနီ၊ စန္ဒရားငွေစိုး၊ စန္ဒရားတင်လှ၊စန္ဒရားမော်မော်ထွန်းညွန့်၊စန္ဒရားတင်ဝင်းလှိုင်၊ စန္ဒရားမောင်လှအေး၊ စန္ဒရားဘိုတာထွန်းညွန့်၊ စန္ဒရားမျိုးနိုင်၊ စန္ဒရားမောင်ခင်လှ၊ စန္ဒရားကွန်းဇော်စသည့် နိုင်ငံကျော်စန္ဒရားပညာရှင်များနှင့် စန္ဒရားပြိုင်ပွဲများတွင်

စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳

အဆင့်မြင့်တန်းရောက်လာမည့် "ကမ္ဘောဇ"

သတင်းဆောင်းပါး –ဖိုးတာတေ

ရန်ကုန် မတ် ၁၀

"ကမ္ဘောဇ"ဟူသောအမည်ကို ကြားလိုက်ရတိုင်း မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် နှစ်စဉ်အလှူငွေသိန်းပေါင်းများစွာ ပေးလှူနေသော ကမ္ဘောဇဘဏ်လီမိတက်နှင့် ထိုလုပ်ငန်း၏ တာဝန်အရှိဆုံးပုဂ္ဂိုလ် ဦးအောင်ကိုဝင်းကို မြင်ယောင်မိပါသည်။

ထိုပုဂ္ဂိုလ်ကို မကြာမီက ပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သစ်တွင်လည်း နာယကတစ်ဦးအဖြစ် တွေ့ရပြန်ပါသည်။ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ဦးဆောင်ကဏ္ဍမှ ပါဝင်နေသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်တွင် အလားအလာကောင်းသော ဘောလုံးကလပ်သင်းတစ်သင်း ရှိနေကြောင်းကိုမူ လူနည်းစုကသာ သိကြမည်ဖြစ်ပါသည်။

ထိုဘောလုံးအသင်း၏ အမည်ကား "ကမ္ဘောဇဘောလုံးအသင်း" ဖြစ်ပေသည်။ ကမ္ဘောဇ ဘောလုံးအသင်းသည် ၂၀၀၂ခုနှစ် မတ်လ ၁ရက်နေ့တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။ကမ္ဘောဇဘောလုံးအသင်းကို ဖွဲ့စည်းခဲ့ရာ၌ ဦးအောင်ကိုဝင်းသည် ပုဂ္ဂလိကဘောလုံးအသင်း တစ်သင်းဖြစ်သော တံခွန်ဘောလုံးအသင်းအား တာဝန်ယူထားကြသည့် အုပ်ချုပ်မှုအဖွဲ့အား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ပဏာမ မြန်မာ့လက်ရွေးစင် အဖြူနှင့် အနီ ခြေစမ်းမည်

ရန်ကုန် မတ် ၁၀

မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင် ကစားရန်အတွက် ရွေးချယ် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အဖြူရောင်အသင်းနှင့် အနီရောင်အသင်းတို့၏ ခြေစမ်းပွဲကို မတ်၁၁ရက် ညနေ၄နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၅၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၂၀၀ သတ်မှတ်ထားသည်။

(သတင်းစဉ်)

ကမ္ဘောဇဘောလုံးအသင်းအား အသင်းနည်းပြများနှင့်အတူ တွေ့ရစဉ်။

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်